
www.dhammadownload.com




# ယမကမထေရ်
# သောတာပန်တည်သော
# တရားတော်

(၁၁-၉-၆၂)

၃၁

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ(၄)ပါးတရားတော် အမှတ်စဉ်(၁၄)မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က

ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည်။
ဖုန်း – ၅၄၁၈၆၀

www.dhammadownload.com

ရှေ့ဖုံးအတွက် ဖြစ်ပါသည်။

# ယမကာမထေရ်

# သောတာပန်တည်သော

## တရားတော်

(၁၁-၉-၆၂)

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်(၁၄)မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ယမကာမထေရ်
# သောတာပန်တည်သော
# တရားတော်

(၁၁-၉-၆၂)

---

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာ(၄)ပါး တရားတော် အမှတ်စဉ်(၁၄)မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

**ဓမ္မဒါန**

**ထုတ်ဝေသူ**

ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်
ပြန့်ပွားရေးအဖွဲ့ချုပ်၊ အမှတ် (၈၂)၊
နတ်မောက်လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်

ဦးညာဏ်အောင်စိုး (မြ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်
အမှတ်(၉၂)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
၁-ရပ်ကွက်၊ ဗဟန်းမြို့နယ်။

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ယမကာမထေရ်

# သောတာပန်တည်သော တရားတော်

(၁၁-၉-၆၂)

---

ကဲ…တရားနာကြ၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များဟာ ဘာ့ယ်အကျိုးငှာ အားထုတ်တာတုံးလို့ မေးလို့ ရှိရင်ဖြင့် ဒုက္ခဟူသမျှကို ချုပ်ငြိမ်းရအောင်လို့ အားထုတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ အကောင်းဆုံး ရည်ရွယ်ချက်ပဲ၊ အမှန်လဲ အမှန်ဆုံးပဲလို့ မှတ်ရမယ်…။ (မှန်ပါ့)။

ဝိပဿနာအားထုတ်ကြတာသည် ဒကာ ဒကာမတို့…ဒုက္ခဟူသမျှ အကုန်ချုပ်ပျောက်ပြီး သကာလ သွားကြဖို့ အလုပ်ကို ရည်ရွယ်ချက်ထားတာသည် ကောင်းလဲ အကောင်းဆုံးပဲ…မှန်လဲ အမှန်ဆုံးပဲလို့ ဆုံးဖြတ်ချက်ချပါ…။ (မှန်လှပါဘုရား)။

www.dhammadownload.com



ခန္ဓာချုပ်သွားတာကို တိုတိုပြောတော့ နိဗ္ဗာန်လို့ ခေါ်တယ်၊ ရှည်ရှည်ပြောတော့ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တယ်...။ (မှန်ပါ့)။

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာက ဘယ်အချိန် ဘယ်ကာလမှ မနှိပ်စက်တဲ့အချိန်၊ အနာမပေါက်တဲ့အချိန်၊ ရောဂါကင်းတဲ့ အချိန် မရှိပါဘူး...။ (မှန်ပါ့)။

အဲဒါ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်သွားတာ ဘာခေါ်ကြမယ်...။ (နိဗ္ဗာန်ပါဘုရား)၊ တိုတိုခေါ်တော့ နိဗ္ဗာန်၊ ရှည်ရှည်ခေါ်တော့ရုပ်ခန္ဓာ၊နာမ်ခန္ဓာချုပ်တာ...။ (မှန်ပါ့)။

ရှည်ရှည်ခေါ်တော့...(ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တာပါဘုရား)၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တာ နိဗ္ဗာန်လို့ မှတ်ထားလိုက်စမ်းပါနော်...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် နိဗ္ဗာန်ဆိုတာ တခြားလား၊ ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တာလားမေးရင် ဘယ့်နှယ်ဖြေမယ်...။ (ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တာပါဘုရား)

ရုပ်ခန္ဓာ၊ နာမ်ခန္ဓာချုပ်တာ နိဗ္ဗာန်လို့မှတ်တော့ အို...ကျုပ်တို့ နိဗ္ဗာန်ကြီးရတာ၊ နာမ်နဲ့ သိနေရတာ၊ နာမ်နဲ့ သွားနေရတာ၊ ဒါမရှိရင် ဘယ့်နှယ်လုပ်မတုံးဆိုတဲ့ စိတ်လဲ ပေါ်ချင်လဲ ပေါ်လာတတ်တယ်...။ (မှန်ပါ့)။

www.dhammadownload.com



ပေါ်ချင်လဲ ပေါ်လာတတ်တယ်၊ ရုပ်နဲ့ သွားလာနေရတယ်၊ နာမ်နဲ့ သိမှတ်နေရတာ၊ ဒါမှ မရှိလို့ရှိရင်ဖြင့် ဘယ်လိုများ နေမတုံး...ဆိုတော့ အို...ဒါကို ဒုက္ခသစ္စာ မသိသေးလို့ရှိရင်ဖြင့် မချုပ်သေးတဲ့သဘောနဲ့ မေးတာပဲ...။(မှန်ပါ)၊ ဒါကို ဒုက္ခသစ္စာသိသွားတဲ့အခါကျတော့ ဩော်...ဒီဒုက္ခမရှိလို့ရှိရင်ဖြင့် အနာပေါက်တဲ့ ပုဂ္ဂိုလ် အနာပျောက်တာနဲ့ နေ့ရုံပဲဆိုတာ ပေါ်လာတယ်...။ (မှန်ပါ)။

အနာပေါက်တဲ့ ပုဂ္ဂိုလ်ဟာ...(အနာပျောက်တာနဲ့ နေရုံပါပဲဘုရား)၊ အဲ...အနာပျောက်တာနဲ့ နေရုံပဲဆိုတော့ ပေါက်တုန်းက နေရတာနဲ့ ပျောက်ပြီးနေရတာနဲ့ ဟာ ထူးခြားပါတယ်...။(မှန်ပါဘုရား)၊ မထူးခြားဘူးလား...။(ထူးခြားပါတယ်ဘုရား)၊ အင်မတန်ထူးခြားပါတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ၊ အဲဒါ နိဗ္ဗာန်ဆိုတာ ခန္ဓာကိုယ် ဒုက္ခသစ္စာကြီး အနာတွေ တစ်ကိုယ်လုံး အပြည့်အနက်ရှိတာ၊ အဲဒါတွေ ချုပ်ပျောက်သွားတာကို နိဗ္ဗာန်လို့ ခေါ်ပါတယ်...ဆိုတော့ ဒုက္ခသစ္စာသိမှ နိဗ္ဗာန်ကိုသဘောကျမယ်...။(မှန်ပါ)၊ နိဗ္ဗာန်ကို မသိဘဲနဲ့ နေပြန်တော့လဲ ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်...။ (မှန်ပါဘုရား)။

www.dhammadownload.com



နိဗ္ဗာန်မသိရင်...(ဥစ္ဆေဒဒိဋ္ဌိဖြစ်ပါတယ်ဘုရား)၊ အဲ...နိဗ္ဗာန်မသိရင် ဥစ္ဆေဒဒိဋ္ဌိဖြစ်တယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားကြပါ...။(မှန်ပါ)။

နိဗ္ဗာန်ဆိုတာ ရုပ်လဲမရှိဘူး၊ နာမ်လဲ မရှိဘူးဆို ဟာလာဟင်းလင်းကြီး ဖြစ်သွားလိမ့်မယ်...။(မှန်ပါ)၊ မဟုတ်ပါဘူးတဲ့၊ ရုပ်နာမ်က ဘာသစ္စာတုံး...။(ဒုက္ခ သစ္စာပါဘုရား)၊ ရုပ်နာမ်က ဒုက္ခသစ္စာဖြစ်နေတော့ ရုပ် တွေ နာမ်တွေ မလိုချင်တဲ့ ဉာဏ်လာတော့ အကုန်ချုပ် သွားတာပဲ၊ ချုပ်သွားတော့ ဒုက္ခတွေသာချုပ်သွားတယ် လို့ မှတ်လိုက်စမ်းပါ...။(မှန်ပါဘုရား)၊ သုခကဖြင့် တကယ်ကျန်ရစ်တယ်၊ သုခအစားထိုးလာတယ်လို့ မှတ် လိုက်စမ်းပါ...။(မှန်လှပါဘုရား)။

ဒါဖြင့် ဒုက္ခတွေချုပ်၍ သုခပေါ်လာတာကို ဘာ ခေါ်ကြမယ်...။(နိဗ္ဗာန်လို့ ခေါ်ပါမယ်ဘုရား)၊ နိဗ္ဗာန်လို့ ခေါ်တယ်လို့ မှတ်ထားပါ၊ ဒုက္ခတွေကလဲ ချုပ်သွားလိမ့် မယ်...။(မှန်ပါဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ တရားဟောရတာ မလွယ်ဘူးဆိုတာ မှတ်ထားစမ်းပါ...။(မှန်ပါ)၊ ဘာဖြစ် လို့ မလွယ်ပါလိမ့်မလဲလို့ မေးကြတဲ့အခါကျတော့မှ ဒုက္ခ မှန်းကို မသိလို့ ခက်နေတာ...။(မှန်ပါ)။

www.dhammadownload.com



ဒုက္ခသစ္စာကို...(ဒုက္ခမှန်းမသိပါဘုရား)၊ အေး.... ဒါကြောင့် ဒုက္ခသစ္စာသိမှ ချုပ်ချင်တဲ့ နိရောဓသစ္စာကို တောင်းတမှာ...။(မှန်ပါ)၊ ဒုက္ခသစ္စာကို မသိတဲ့ ပုဂ္ဂိုလ် ဟာ ဒုက္ခချုပ်တဲ့နိဗ္ဗာန်ကို တောင်းတပါတယ်ဆိုငြား သော်လဲ ပြောသံကြားနဲ့ တောင်းတတာလို့ မှတ်လိုက်စမ်း ပါ...။(မှန်ပါ)၊ တကယ်လိုချင် တကယ်နှစ်သက်တာ ဟုတ်ပါရဲ့လား...။(မဟုတ်ပါဘုရား)။

အဲဒါကြောင့် ဒုက္ခသစ္စာသိမှုကိုလဲ ဘုန်းကြီးတို့ ဒကာ ဒကာမတွေအရေးတကြီး မှတ်ရလိမ့်မယ်လို့ဆိုတာ သတိထားပါနော်...။(မှန်ပါ)။

ကဲ...ဒါဖြင့် ပြောကြပါစို့တဲ့၊ ရဟန္တာဆိုတာ ခင်ဗျားတို့ စာထဲမှာ တွေ့ဖူးပါတယ်နော်...။(မှန်ပါ)၊ ရဟန္တာ သေတော့ ဘယ်များ ကြွသွားသတုံးလို့ ဦးအောင်ဇေဝတို့ မေးရလိမ့်မယ်...။(မှန်ပါ)။

ရဟန္တာသေတော့ ဘယ်များ သွားကြသတုံးလို့ မေးတဲ့အခါကျတော့ ရဟန္တာကလဲ နဂိုက ရဟန္တာမှ မရှိဘဲ...။(မှန်လှပါ)၊ ရဟန္တာက နဂိုက ရဟန္တာရယ်လို့ မရှိပါဘူး၊ ဖြစ်ပျက်ဒုက္ခသစ္စာတွေပဲရှိတယ်...။(မှန်ပါ)၊ မဟုတ်ဘူးလား...။(မှန်ပါ)၊ အဲဒီတော့ ဘယ်ကြွသွား

www.dhammadownload.com



စရာ လိုသေးသလဲ...။(မလိုပါဘုရား)၊ နဂိုက ရုပ်ဟန္တာမှ မရှိဘဲ...။(မှန်ပါ့)။

ရဟန္တာမှ မရှိတော့ ရဟန္တာများ ပရိနိဗ္ဗာန်စံတဲ့ အခါကျတော့ ဘယ်ကြွသွားပါလိမ့်မလဲဆိုတဲ့မေးခွန်းကို မေးနေစရာမလိုဘူး...။(မလိုပါဘုရား)၊လိုသေးသလား...။ (မလိုပါဘုရား)။

ဘာ့ကြောင့် မလိုပါလိမ့်မတုံးလို့ ဦးမြမောင်တို့က မေးမယ်၊ ဦးကျော်မောင်တို့က မေးမယ်၊ ဘယ့်နှယ်ဖြေကြမလဲ...။(ရဟန္တာမရှိလို့ပါဘုရား)၊ နဂိုကမှ ရဟန္တာ မရှိဘဲ...။(မှန်ပါ့)၊ မှတ်ထားလိုက်တော့၊ ရဟန္တာမရှိရင် ဘာရှိသတုံး၊ အို...ဒုက္ခသစ္စာတရားရှိတယ်...။(မှန်ပါ့)၊ မရှိဘူးလား...။(ရှိပါတယ်ဘုရား)။

မသေခင်က ဘာရှိသတုံးမေးရင် ဘယ့်နှယ်ဖြေကြမလဲ...။(ဒုက္ခသစ္စာတရားပဲ ရှိပါတယ်ဘုရား)။

ဒါဖြင့် တေဇောခတ်လောင်တော့၊ ဒုက္ခသစ္စာတွေ အကုန်ချုပ်ငြိမ်း ရုပ်သိမ်းသွားတဲ့ အခါကျတော့ ဩော်... သူ့သုခဖြစ်သွားပြီ၊ဒုက္ခချုပ်လို့ သုခချမ်းသာနဲ့ နေပေါ့... ဆိုတာတော့ ခင်ဗျားတို့က ဆုံးဖြတ်ချက်ချရမယ်...။ (မှန်ပါ့)။

www.dhammadownload.com



ဒုက္ခချုပ်သွားပြီး သုခနဲ့နေပေါ့ဆိုတာသာ ဆုံးဖြတ်ချက်ချပါလို့ သတိပေးလိုက်တယ်...။(မှန်ပါ့)၊ ရှင်းပြီနော်...။(ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်ပြီးသကာလ သုခကို နိဗ္ဗာန်ခေါ်တယ်...။(မှန်ပါ့)၊ ဒုက္ခချုပ်ပြီးသကာလ... (သုခကို နိဗ္ဗာန်ခေါ်ပါတယ်ဘုရား)၊ သုခကို နိဗ္ဗာန်လို့ ခေါ်တယ်လို့ ဒကာ ဒကာမတွေက မှတ်ထားလိုက်တော့မှ ဩော်...နိဗ္ဗာန်ဆိုတာ တခြားလားမှတ်တယ်၊ တို့ ခန္ဓာချုပ်ရင် ခန္ဓာက ဒုက္ခသစ္စာ၊ ဒီဒုက္ခသစ္စာချုပ်သွားတာကိုနိဗ္ဗာန်ခေါ်တာကို ...။(မှန်ပါ့)၊ပေါ်ပလား...။ (ပေါ်ပါပြီဘုရား)။

ဒီဒုက္ခသစ္စာချုပ်သွားတာကို...(နိဗ္ဗာန်လို့ခေါ်ပါတယ်ဘုရား)၊ မယုံရင်တော့ ဒကာ ဒကာမတွေ အလုပ်လုပ်ကြည့်တာပေါ့၊ တပည့်တော် နားမလည်သေးဘူး၊ နားမလည်သေးရင် ဘုန်းကြီးပေးတဲ့နည်းနဲ့ အလုပ် လုပ်ကြည့်၊ ဒုက္ခချုပ်သွားတဲ့အခါ မြင်ရလိမ့်မယ်...။(မှန်ပါ့)၊ ကိုယ်တိုင်ခံစားရလိမ့်မယ်...။(မှန်ပါ့)။

ဒါဖြင့်...အလုပ်ကိုသာလုပ်လို့၊ ဦးမြမောင်တို့ အခု အာလုံးတရားနာကြတဲ့၊အာထုတ်နေကြတဲ့ဒကာ ဒကာမတွေကိုတိုက်တွန်းရတယ်...။(မှန်ပါ့)၊တိုက်တွန်းရတယ်။

www.dhammadownload.com



ကိုင်း...ဒါဖြင့် ပြောကြပါစို့တဲ့...၊ သာဝတ္ထိပြည်မှာ အရှင်သာရိပုတ္တရာ သီတင်းသုံးနေတယ်၊ အရှင်သာရိပုတ္တရာ သီတင်းသုံးနေတော့ ယမက,ဆိုတဲ့ ရဟန်းရှိပါတယ်၊ ယမက,ဆိုတဲ့ ရဟန်းက ဘုရားဆီသွားပြီး တရားနာတယ်၊ ဘုရားဆီသွား တရားနာတော့၊ သူ ဘယ်တရားနာရသတုံးဆိုတော့ ဓာတ်ပေါင်းကို သူ သွားနာရတယ်၊ မပေါ်သေး၊ ဝိရုရပညာရှိ၊ သေနကပညာရှိ၊ မဟာဇနကမင်းကြီးဖြစ်ခဲ့ဖူးပြီး ဝေဿန္တရာကနေ တုသိတာနတ်ပြည်၊ တုသိတာနတ်ပြည်ကမှ ငါ ဆင် ပြီး ဘုရားဖြစ်လာတယ်၊ သူက ဒီတရားနာရတာကို...။(မှန်ပါ)။

ယမက ဘုရားဟော်တော်မူသော ဒီတရား နာရပါတယ်...။(မှန်ပါ)၊ ဒီတရားနာရတော့ ဩော်...သူ့စိတ်ထဲ ယမက;က ဖောက်ပြန်တယ်၊ ရုပ်နာမ်ဟာ ရုပ်သာလဲသွားတယ်၊ ရုပ်နဲ့ နာမ်သာ လဲသွားတယ်၊ နာမ်ထဲက ဝိညာဏ်ကတော့ ဟိုဘုံပြောင်း ဒီဘုံပြောင်း ပြောင်းနေတာကိုး...။(မှန်ပါ)၊ သူက ဒီလိုယူပစ်လိုက်တယ်။

မောင်သစ် ဝိညာဏ်ကတော့ ဘာတဲ့...(ဟိုဘုံပြောင်း ဒီဘုံပြောင်းပါသတဲ့ ဘုရား)၊ ဟိုဘုံပြောင်း ဒီဘုံပြောင်းပြီး သွားတာပဲကို...၊ ဒါကြောင့် ဘုရားဖြစ်လာတာ ဝိရိယက ဘုရားဖြစ်လာတာ၊ ဝိညာဏ်ကလေးက

www.dhammadownload.com



တော့ ဒီဝိညာဏ်ကလေးပဲကို...။(မှန်ပါ)၊ ဒီလိုဆိုတော့ 'ဝိညာဏံ အတ္တတော သမနုပဿတိ'သွားဖြစ်တယ်...။ (မှန်ပါ)။

ဝိညာဏံ=ဝိညာဏ်ကို၊ အတ္တတော–ငါဟူ၍၊ (ဝါ)ခိုင်၏ဟူ၍ သမနုပဿတိ–ရှု၏ ...။ (မှန်ပါ)၊ သက္ကာယဒိဋ္ဌိ ဖြစ်သွားပြီ...။(ဖြစ်သွားပါပြီဘုရား)။

အဲဒီ သက္ကာယဒိဋ္ဌိသွားပြီသကာလ ဖြစ်နေတော့ သူက ဘုရား တရားဟောတဲ့ဆီက ပြန်ပြီးသကာလ လာတော့ ဩော်...ပရိနိဗ္ဗာန်စံတယ်ဆိုတာကတော့ဖြင့် ဒီဝိညာဏ် ချုပ်သွားတာ၊ ဘာမှ မရှိတာကို ဆိုတာကို...။ (မှန်ပါ)၊ အားလုံးသောပုဂ္ဂိုလ်တို့ ဝိညာဏ်ကလေးဟာ ဟိုခန္ဓာထဲ ဝင်အောင်း၊ ဒီခန္ဓာထဲဝင်အောင်းနေတာကို၊ နောက် ပရိနိဗ္ဗာန်စံတယ်ဆိုတာကတော့ ဒီဝိညာဏ် ကလေး ချုပ်ပြီး ဘာမှမရှိတာဆိုတာပဲ...။(မှန်ပါ)၊ ဒီလို နှစ်ချက်ကိုယူတာ...။(မှန်ပါ)။

နှစ်ချက်ယူတယ်၊ သဿတရော, ဥစ္ဆေဒရော ယူတယ်...။(မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေ ဘယ်လိုယူသတုံး...။ (နှစ်ချက်ယူပါတယ်ဘုရား)၊ သဿတရော,ဥစ္ဆေဒရော ယူလိုက်တယ်နော်...။(မှန်ပါ)၊

● မူလပဏ္ဏာသ အဋ္ဌကထာ ၁၊ စာပိုဒ် ၁၉၆။ ဆဋ္ဌမူ စာမျက်နှာ ၂၀၂။

www.dhammadownload.com



ဝိညာဏ်ကလေးဟာ ဟိုဘုံပြောင်း ဒီဘုံပြောင်းဆိုရင် ဘာတုံး...။(သဿတဒိဋ္ဌိပါဘုရား)၊နောက် ရဟန္တာဖြစ်သွားပြီးသည့် အခြားမဲ့၌တော့ ဝိညာဏ်ရော ဘာရော အကုန်ချုပ်သွားတာပဲ၊ ဘာမှ မဖြစ်တော့ဘူးဆိုတော့ ဘာယူလိုက်သတုံး...။(ဥစ္ဆေဒယူပါတယ်ဘုရား)၊ သူက ဒီနှစ်ခုစလုံးယူတယ်...။(မှန်ပါ)။

နိဗ္ဗာန်မရောက်ခင် သဿတဒိဋ္ဌိ...(မှန်ပါ)၊ နိဗ္ဗာန်ကိုတော့ သူက ဥစ္ဆေဒဒိဋ္ဌိ...(မှန်ပါ)၊ နိဗ္ဗာန်မရောက်ခင်တော့...(သဿတဒိဋ္ဌိပါဘုရား)၊ နိဗ္ဗာန်ရောက်သွားတဲ့အခါကျတော့...(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဟာ...ဦးကျော်မောင်တို့ ယမက...ဆိုတဲ့ ရဟန်းဟာ မလွယ်ပါဘူး...။(မှန်ပါဘုရား)၊ ရှင်တုန်းက သဿတ၊ သေတော့ ဥစ္ဆေဒယူလိုက်တယ်...။(မှန်ပါ)၊ အင်မတန်မဆိုးရွားဘူးလား...။(ဆိုးရွားပါတယ်ဘုရား)။

အဲဒီတော့ ဒီဒိဋ္ဌိရှိနေလို့ရှိရင်ဖြင့် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရနိုင်ကြပါ့မလား...။ (မရနိုင်ပါဘုရား)၊ မရနိုင်ဘူး။

ဒီ ဒိဋ္ဌိရှိနေရင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် မရနိုင်ဘူးတဲ့၊ ဒိဋ္ဌိဟာ မဂ်ဉာဏ်, ဖိုလ်ဉာဏ် တားမြစ်တဲ့တရားလို့ ဦးအောင်ဇံဝေတို့မှတ်ထားပါ...။(မှန်ပါဘုရား)၊သက္ကာယ

www.dhammadownload.com



ဒိဋ္ဌိဖြစ်ဖြစ်၊ သဿတဒိဋ္ဌိဖြစ်ဖြစ်၊ သက္ကာယဒိဋ္ဌိက ပြား လာတဲ့ သဿတဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိက ပြားလာတဲ့ ဥစ္ဆေဒဒိဋ္ဌိ၊ သဘောကျပလား...။(မှန်ပါ့ဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိက ကြီးကျယ်လာရင် သဿတ ဒိဋ္ဌိပဲ...။(မှန်ပါ့)၊သက္ကာယဒိဋ္ဌိကြီးကျယ်လာရင် ဥစ္ဆေဒ... (မှန်ပါ့ ဥစ္ဆေဒပါဘုရား)၊ဒိဋ္ဌိဖြစ်တယ်လို့ မှတ်ထားစမ်းပါ။

ဝိညာဏ်ကလေးတစ်ခုတည်း သွားနေတယ်၊ ဘုံ ဘဝတွေ လှည့်ပတ်ပြေးနေတယ်ဆိုရင် ဘာဒိဋ္ဌိတုံး...။ (သက္ကာယဒိဋ္ဌိပါဘုရား)။

နောက်ကျတော့ သူ ရဟန္တာဖြစ်ပြီး သကာလ ဝိညာဏ် ပါ ချုပ်ပြီး ဟိုဘက် ဘာမှ မလည်နိုင်...မသွားနိုင်တော့ ဘူးဆိုတာက...(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲ...ယမက မထေရ် ဒိဋ္ဌိအယူရှိတယ်...။(မှန်ပါ့ ဘုရား)၊ အဲဒီတော့ ဒီ ဒိဋ္ဌိအယူနဲ့ သူ ယူပြီးသကာလ လာခဲ့တယ်၊ နောက်ကျတော့ ရဟန်းတွေ၊ သူနဲ့တွေ့တဲ့ မိတ်ဆွေတွေကျတော့ သူ ပြောတယ်...။(မှန်ပါ့)။

တရားဟောတော်မူတာ သူ သိပြီတဲ့၊ဘုရားဟောတာ သူ သိပါတယ်တဲ့၊ ရဟန္တာများသေရင် ဘာမှမဖြစ်တာ နိဗ္ဗာန်ခေါ်တာပဲတဲ့...။(မှန်ပါ့)။

ရဟန္တာများ သေသွားရင် နောက် ဘာမှ မဖြစ်တာ

www.dhammadownload.com



ကို...(နိဗ္ဗာန်ခေါ်ပါတယ်တဲ့ဘုရား)၊ ဘာမှမဖြစ်ဘူးဆို တော့ ရုပ်လဲ မပေါ်ဘူး၊ နာမ်လဲ မပေါ်ဘူး၊ ချမ်းသာ သုခလဲ မပေါ်ဘူး၊ ဘာမှ မရှိတာကို သူက နိဗ္ဗာန်ယူ နေတယ်၊ ရှင်းပလား...။(ရှင်းပါပြီဘုရား)။

ဒါဖြင့် သူ ဘာဒိဋ္ဌိ အားကြီးစွဲလိုက်သလဲ...။ (ဥစ္ဆေဒဒိဋ္ဌိ အားကြီးစွဲလိုက်ပါတယ်)၊ ဥစ္ဆေဒဒိဋ္ဌိ အားကြီး စွဲလိုက်တယ်လို့ ဒကာ ဒကာမတွေ မှတ်ထားပါနော်...။ (မှန်ပါ)။

ဒါနဲ့ အေးက ရဟန်းတွေက ပြောကြတယ်၊ ရှင်ယမက...ဘုရားဟောတော်မူတာ ဒီလို မဟုတ်ပါဘူး၊ မင်းဟာ ဥစ္ဆေဒဒိဋ္ဌိကြီးပါကွ...၊ ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးယူခဲ့ရင် မင့်ဟာ ဘယ်ဟုတ်ရမတုံးကွ... ဆိုတော့ ရဟန္တာလဲ မရှိဘဲနဲ့ မင့်ဟာက သေတယ်လဲ ယူလိုက်သေးတယ်၊ သဿတနဲ့...၊(မှန်ပါ)၊ နောက် ရဟန္တာသေတော့လဲ ဘာမှ မဖြစ်တော့ဘူးလို့ ယူလိုက် သေးတယ်ဆိုတာလဲ ဥစ္ဆေဒပဲ...။(မှန်ပါ)။

ဒိဋ္ဌိနှစ်ခုနဲ့ မင်းနေတဲ့ ဥစ္စာကွာ...ဘုရားလဲ ဒီလို မဟောပါဘူး၊ ဘုရားဟာ မကောင်းသဖြင့် ဒီလို ဟော တယ်လို့ မင်းဏာ မစွပ်စွဲလိုက်ပါနဲ့လို့ အေးက ရဟန်း တွေက ပြောကြတယ်...။(မှန်ပါ)။

www.dhammadownload.com



ပြောပေမယ့် ဘုရားဟောတော်မူတာ ဒီအတိုင်းပဲတဲ့၊ သူတော့ ဒီအယူ မစွန့်နိုင်ဘူးတဲ့၊ သဘောကျပလား...။ (ကျပါပြီ)၊ စွန့်သေးရဲ့လား...။(မစွန့်ပါဘုရား)။

ဒီအယူ မစွန့်တော့ဘူးတဲ့၊ ဒကာ ဒကာမတို့ ဘာဒိဋ္ဌိယူထားသတုံး...(သဿတဒိဋ္ဌိနဲ့ ဥစ္ဆေဒဒိဋ္ဌိနှစ်ခုယူထားပါတယ်ဘုရား)၊ နှစ်ခုစလုံး ယူတယ်၊ ရှင်တုန်းကို... (သဿတဒိဋ္ဌိယူပါတယ်ဘုရား)၊ ရဟန္တာသေတော့ကို... (ဥစ္ဆေဒဒိဋ္ဌိယူပါတယ်ဘုရား)။

အဲဒီတော့ကို ပဋိစ္စသမုပ္ပါဒ်ကြည့်ကြတဲ့...၊ ဒကာ ဒကာမတွေ ရှင်းပေးမယ်၊ ဥပမာမယ် ဒီဥစ္စာဟာ ရဟန္တာလဲ ဒီခန္ဓာငါးပါးရှိတာပဲ ဦးမြမောင်ရ...။(မှန်ပါ)။

ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာ ခန္ဓာငါးပါးရှိတာပဲနော်...။(မှန်ပါ)၊ပုထုဇဉ်လဲ ဒါပဲရှိတာပဲ...။ (မှန်ပါ)၊ ဒီအထဲမှာ ကိလေသာအောင်းတာနဲ့ မအောင်းတာပဲ ကွာတယ်...။(မှန်ပါ)။

ဒီခန္ဓာကတော့...(ဒီခန္ဓာအတိုင်းရှိပါတယ်)၊ ရှိတာပဲတဲ့၊ ဝိညာဏ်,နာမ်ရုပ်,သဠာယတန,ဖဿ,ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးကတော့ ရှိနေတယ်...။(မှန်ပါ)။

အဲဒီတော့ အာထုတ်လိုက်တဲ့အခါကျလို့ ရှိရင်ဖြင့်တဲ့၊ ကဲ...မိမိတို့ ခန္ဓာကြီးကိုပဲ ဖြစ်ပျက်ရှုပြီးသကာလ

www.dhammadownload.com



အနိစ္စ,ဒုက္ခ,အနတ္တရှုပြီးသကာလနေတဲ့အခါကျတော့ ကို အနိစ္စ,ဒုက္ခ,အနတ္တတွေပဲ ရှုပါများလာတော့ မှန်းတီးတဲ့ ဉာဏ်တွေ ပေါ်ပေါက်လာတယ်၊ နောက် အနိစ္စ,ဒုက္ခ, အနတ္တမှန်းသိတော့ကိုသြော်...ဒီခန္ဓာကြီးတော့မလိုချင်တော့ ပါဘူးဆိုတဲ့မဂ်ဉာဏ်ဒီနေရာပေါ်လာတယ်နော်...။(မှန်ပါ့)။

ပေါ်လာတော့ ဒုတိယ အကွက်တစ်ကွက်လုံး မပျောက်ဘူးလား...။ (ပျောက်ပါတယ်)၊ခန္ဓာငါးပါး ဒုတိယအကွက်ကြီးဟာလေ–(ပျောက်သွားပါတယ်)၊ ခန္ဓာ ငါးပါး ဒုတိယအကွက်ကြီးဟာ ပျောက်သွားပါတယ်၊ ဒကာဒကာမတို့နံပါတ်ကောထိုးထားကြနော်...။(မှန်ပါ့)။

ပျောက်သွားတဲ့ အခါကျတော့ကို နဂိုကလဲ ခန္ဓာ ငါးပါး ဒုက္ခသစ္စာတရား...။(မှန်ပါ့)၊ နောက် ခန္ဓာငါးပါး မရှိတဲ့ နိရောဓသစ္စာ...၊(မှန်ပါ့ဘုရား)၊ မဆိုထိုက်ဘူး လား...။(ဆိုထိုက်ပါတယ်ဘုရား)။

ရှုတုန်းကတော့၊ မချုပ်ခင်တုန်းကတော့ ဒုက္ခသစ္စာ ကို မဂ္ဂသစ္စာနဲ့ မြင်နေတယ်...။(မှန်ပါ့)၊ မမြင်ဘူး လား...။(မြင်ပါတယ်)၊ နောက် မှန်းတယ် မလိုချင်တော့ ဘူးဆိုတော့ ဒုက္ခသစ္စာတွေ ရှိသေးရဲ့လား...။(မရှိပါ ဘုရား)၊ မရှိတဲ့အခါ ဒီဟာလေ ဆိုင်ဘုတ်မြင်လိုက်တာ ဘာသစ္စာတုံး...။(နိရောဓသစ္စာပါဘုရား)။

www.dhammadownload.com



ဒါဖြင့် ဒုက္ခဟုတ်လား…။(မှန်ပါ)၊ နောက်ကျလာတဲ့အခါ အားထုတ်ပါများလို့ အင်း…ဒီဒုက္ခမလိုချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီနေရာပဲ နိရောဓ…(မှန်ပါ)၊ မဆိုနိုင်ဘူးလား…။(ဆိုနိုင်ပါတယ်ဘုရား)။

၂-နံပါတ်က ဒုက္ခ…(မှန်ပါ)၊ အားထုတ်တဲ့အခါကျတော့၊ ခရီးပေါက်သွားတဲ့အခါကျတော့ ၂-နံပါတ်ပဲ ဘာဆိုကြမယ်…။(နိရောဓပေါ)၊ နိရောဓ။

အဲဒီတော့ နဂိုက ဒုက္ခကို မလိုချင်တဲ့ပုဂ္ဂိုလ်ကျတော့…ဒီခန္ဓာချုပ်သွားတော့ကို နိရောဓဖြစ်သွားတယ်၊ ဘာနိရောဓတုံးလို့ မေးတဲ့အခါကျတော့ ပဌမစကားနဲ့ တွဲလိုက်တာပေါ့၊ ဒုက္ခနိရောဓ…(မှန်ပါ)၊ ပေါ်ပလား…။(ပေါ်ပါပြီဘုရား)။

ပဌမစကားနဲ့တွဲလိုက် ဘာတဲ့တုံး…။ (ဒုက္ခနိရောဓပေါ့ဘုရား)၊ ဒုက္ခသာချုပ်တာ သူ့ဟာက၊ သဘောကျပလား…။(မှန်ပါ)၊ ဒုက္ခသာချုပ်တာ၊ ကျန်တာမချုပ်ဘူး…။(မှန်ပါ)၊ ဘယ့်နှယ်ဆိုကြမယ်…(ဒုက္ခနိရောဓပေါ)၊ ဒုက္ခနိရောဓဆိုတော့ ဒုက္ခကဆင်းရဲတာ…။(မှန်ပါ)၊ ဆင်းရဲတာသာချုပ်သွားတာတဲ့၊ ချမ်းသာတာကျန်နေတယ်…။(မှန်ပါ)၊ ပေါ်ပလား…။(ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ဆင့်ရဲတာသာ...(ချုပ်သွားပါတယ်)၊ ချမ်းသာတာက...(ကျန်ရစ်ခဲ့ပါတယ်)၊ ဒါ ဘာခေါ်ကြမလဲ...။ (ဒုက္ခနိရောဓပေါ)၊ ဒုက္ခနိရောဓကို မြန်မာလို တိုတိုခေါ်တော့ ဘယ်လိုခေါ်ကြမလဲ...။ (နိဗ္ဗာန်ပါဘုရား)။

ကဲ...ဒါဖြင့် အခု ဒီနေ့ပြောတဲ့စကားကို ဦးကျော်မောင်တို့၊ ဦးစံဖေတို့ သေသေချာချာမှတ်ပါ...။ (မှန်ပါ)၊ ပထမ ဒါတွေ ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက် ရှုနေတော့ ဒုက္ခပဲ မမြင်ဘူးလား...။ (မြင်ပါတယ်ဘုရား)။

နောက်တော့ ဦးမြမောင်တို့...ဦးကျော်မောင်တို့က ဒါကြီးဟာ ဖြစ်ပျက်မြင်လို့ မုန်းလာပြီ၊ ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိပြီဆိုတော့ လိုချင်သေးရဲ့လား...။ (မလိုတော့ပါဘုရား)။

ဒါဖြင့် မလိုချင်တော့ ဒါတွေက ရှိသေးရဲ့လား...။ (မရှိတော့ပါဘုရား)၊ ဒုတိယအကွက်မှာ ခန္ဓာငါးပါး ရှိသေးရဲ့လား...။ (မရှိတော့ပါဘုရား)။

မရှိတော့ကို အရင်တုန်းက ဒီအကွက်ဟာ ဘာ့အကွက်တုံး...။ (ဒုက္ခသစ္စာအကွက်ပါ)၊ ဒုက္ခအကွက် မဟုတ်ဘူးလား...။ (မှန်ပါ)၊ မရှိတော့ သူ့ကို ဘာကွက်လို့ ဆိုကြမလဲ...။ (နိရောဓကွက်ပါ)၊ ဘာနိရောဓတုံး...။ (ဒုက္ခနိရောဓပါဘုရား)။

www.dhammadownload.com



ဩော်...ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခချုပ်တာသက်သက်ပဲ...။(မှန်ပါ့)၊ ပေါ်ကြပလား ...၊ နောက်က ဒကာဒကာမတွေ...။(ပေါ်ပါပြီ)၊ နိဗ္ဗာန်ဆိုတာ ဘာသက်သက်ပါလိမ့်...။(ဒုက္ခချုပ်တာသက်သက်ပါဘုရား)။

ဒုက္ခချုပ်တာသက်သက်ပဲ...။(မှန်ပါ့)၊ ဒုက္ခချုပ်တာသက်သက်ဆိုတော့ သုခချုပ်ပါတယ်လို့ ပါရဲ့လား...။(မပါပါ)၊ ဩော်၊**နိဗ္ဗာန်ဆိုတာက**ဒုက္ခချုပ်တာသက်သက်ပဲ၊ ချမ်းသာကတော့ ကျန်ရစ်နေတာ အမှန်ပဲ...။(မှန်ပါ့)၊ ဘယ့်နှယ်ဆိုကြမလဲ...။(ဒုက္ခချုပ်တာသက်သက်ပါ)၊ ချမ်းသာကတော့...(ကျန်ရစ်ခဲ့ပါတယ်ဘုရား)။

ချမ်းသာတာ ကျန်ရစ်တော့ ချမ်းသာဆိုတာ အဲဒီချမ်းသာကို ချမ်းသာလို့ မခေါ်တော့ဘူး ကျုပ်တို့က... (မှန်ပါ့)၊ ဒုက္ခနိရောဓသစ္စာ...၊ (မှန်ပါ့)၊ ဘယ့်နှယ်ခေါ်ကြမယ်...။(ဒုက္ခနိရောဓသစ္စာပါဘုရား)။

ဒုက္ခနိရောဓသစ္စာဆိုတာ ဒုက္ခချုပ်တဲ့ သစ္စာ...။ (မှန်ပါ့)၊ ပေါ်ပလား...။(ပေါ်ပါပြီ)၊ ဒါဖြင့် ချုပ်တာက ဘာပါလိမ့်...။(ဒုက္ခပါဘုရား)၊ ဒုက္ခနော်...။(မှန်ပါ့)၊ ချုပ်တာက ဒုက္ခချုပ်သွားတော့ ဒီအကွက်ကို ဦးမြမောင်တို့၊ ဦးကျော်မောင်တို့နာမည်ဆိုင် ဘုက်ဆွဲလိုက်စမ်း ...။ (ဒုက္ခနိရောဓပါ)၊ ဒုက္ခနိရောဓ ဖြစ်မသွားဘူးလား...။

www.dhammadownload.com



(သွားပါတယ်ဘုရား)၊ နဂိုက ဘာကွက်တုံးဗျ...။(ဒုက္ခကွက်ပါဘုရား)။

ဒုက္ခကွက်၊ နောက်ကျတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေက မလိုချင်လို့ မရတဲ့အခါကျတော့ ဘယ့်နှယ်ဆိုမလဲ...။(ဒုက္ခနိရောဓဖြစ်သွားပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာတုံးလို့ မေးလို့ရှိရင် ဒကာ ဒကာမတွေ ဘယ့်နှယ်ဖြေကြမတုံး...။(ဒုက္ခချုပ်ငြိမ်းတာပါ)၊ ဒုက္ခနိရောဓပဲ...။(မှန်ပါ့)၊ ဒုက္ခချုပ်ဆိုတာ နိဗ္ဗာန်ပဲ၊ မပေါ်သေးဘူးလား...။(ပေါ်ပါပြီဘုရား)။

ဒီအကွက်ထဲကျမှ ပေါ်တာ...။(မှန်ပါ)၊ ဒီအကွက်က နဂိုက ရှုနေတုန်းကတော့ ဖြစ်ပျက်-ဖြစ်ပျက်-ဖြစ်ပျက်နဲ့ ရှုနေတုန်းကတော့ ဦးအောင်ဇံဝေကြီး ဘာရှုနေတာပါလိမ့်...။(ဒုက္ခရှုနေတာပါဘုရား)။

နောက်ကျတဲ့အခါကျတော့ ဒီဒုက္ခ မလိုချင်၊ ဒီဒုက္ခမှန်၊ ဒီဒုက္ခတွေကိုဖြင့် သစ္စာမှန် ပိုင်ပိုင်နိုင်နိုင်သိသွားတဲ့အခါကျတော့ ချုပ်မသွားဘူးလား...။(ချုပ်သွားပါတယ်)၊ ချုပ်သွားတော့ ဒီအကွက်ကို ဘာကွက်ဆိုကြမလဲ...။ (ဒုက္ခနိရောဓ ကွက်ပါ)၊ ဒုက္ခနိရောဓအကွက်...။ (မှန်ပါ့)၊ ပေါ်ပလား...။(ပေါ်ပါပြီဘုရား)။

www.dhammadownload.com



ဒုက္ခနိရောဓသည် မြန်မာလိုခေါ်ရင် နိဗ္ဗာန်...။ (နိဗ္ဗာန်ပါ)၊ ဟုတ်လား...။(မှန်ပါဘုရား)။

အဲဒီတော့ကို ဒုက္ခချုပ်သွားတဲ့ ပုဂ္ဂိုလ်မှ ဒုက္ခနိရောဓ ဖြစ်တယ်...။(မှန်ပါ)၊ဒုက္ခချုပ်တဲ့ပုဂ္ဂိုလ်မှ...(ဒုက္ခနိရောဓ ဖြစ်ပါတယ်ဘုရား)။

ဒါလဲ ဘယ်လိုပုဂ္ဂိုလ်မှ ချုပ်ပါလိမ့်မတုံး ဆိုတော့ ဒုက္ခသစ္စာလို့ သိဦးမှ...၊(မှန်ပါ)၊ သိတဲ့အပြင်လဲ မလို ချင်ဦးမှ-(မှန်ပါ)၊ မလိုချင်မှ ဘာဖြစ်သွားသတုံး...။ (ချုပ်မှာပါ)၊ ချုပ်သွားတော့ ဒီအကွက်ဟာ ဘာကွက်ဖြစ် သွားသတုံး...။ (ဒုက္ခနိရောဓဖြစ်သွားပါတယ်)၊ ဒုက္ခ နိရောဓကွက်ဖြစ်သွားတယ်ဆိုတာ ကျေနပ်ပလား...။ (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် "ဒုက္ခနိရောဓော နိဗ္ဗာနံ"...။(မှန်ပါ)၊ ပေါ် ပလား...။(ပေါ်ပါပြီ)၊ ဘာတဲ့တုံး...။(ဒုက္ခနိရောဓော နိဗ္ဗာနံပါဘုရား)။

"ဒုက္ခနိရောဓော နိဗ္ဗာနံ"လို့ ဒကာ ဒကာမတွေ ကိုယ့်အတွက် ကိုယ်ကြည့်ပြီး တော့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ)၊ ကဲ...နိဗ္ဗာန်ဖြင့် ယနေ့ ဘယ်နှယ်နေသလဲ...။ (ပေါ်ပါပြီ)၊ ပေါ်ပြီ...။(မှန်ပါဘုရား)။

ရှုတုန်းက ဘာတွေရှုနေသတုံး...။(ဒုက္ခတွေရှုနေရ

www.dhammadownload.com



ပါတယ်)၊ နောက်ကျတော့ကို ကုန်ဆုံးသွားတဲ့အခါကျတော့ ဉာဏ်က ဘာကို ရှုနေရသတုံး မေးရင် ဘယ့်နှယ် ဖြေကြမလဲ...။(ဒုက္ခနိရောဓပါဘုရား)။

ဒုက္ခနိရောဓကို မြင်,ရှုနေရတယ်...။(မှန်ပါ)၊ ဒုက္ခနိရောဓက နိဗ္ဗာန်၊ ရှုနေတဲ့ဉာဏ်က မဂ်ဉာဏ်,ဖိုလ်ဉာဏ်၊ မဆိုနိုင်ဘူးလား...။(ဆိုနိုင်ပါတယ်ဘုရား)။

ဩော်...ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဒုက္ခကို ဒုက္ခနိရောဓဖြစ်အောင် လုပ်ဖို့ပဲ...။(မှန်ပါ)၊ ဦးကျော်မောင် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်...။(ဒုက္ခကို ဒုက္ခနိရောဓဖြစ်အောင် လုပ်တာပါဘုရား)။

ဒါဖြင့်ဝိပဿနာရှုနေတုန်းတော့ဘာတွေချည်းတွေ့မယ်ထင်သတုံး...။(ဒုက္ခတွေချည်း တွေ့ပါမယ်ဘုရား)။

နောက်ဝိပဿနာကိစ္စပြီးတဲ့အခါကျတော့ ဘာတွေတွေ့မလဲ...။(ဒုက္ခနိရောဓတွေ့ပါမယ်ဘုရား)၊ဒုက္ခနိရောဓပဲ တွေ့မယ်ဆိုတာ သေသေချာချာမှတ်ပါ...။(မှန်ပါ)၊ ဩော်...ဒါဖြင့် နိဗ္ဗာန်ရှာတဲ့ပုဂ္ဂိုလ်များ ဒုက္ခမတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ဖြင့် ရှာဖို့ရာ အစထောင်မှ မလာသေးပါဘူး...။(မှန်ပါဘုရား)။

ဒုက္ခမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်အစ(မလာ

www.dhammadownload.com



သေးပါ)၊ မလာသေးပါဘူး၊ မတွေ့သေးပါဘူးလို့ ဦးမြ မောင်တို့ မှတ်လိုက်စမ်းပါ...။(မှန်ပါ့ဘုရား)။

ကဲ...ဒါဖြင့် ကျုပ်တို့တရားပွဲမှာ အခု သြော်... နိဗ္ဗာန်ရ,ရပါလို၏၊ နိဗ္ဗာန်ရ,ရပါလို၏နဲ့ မောင်သစ်တို့ ဘုရားထဲ ကျောင်းထဲမှာလဲ ရှုပ်နေတာပဲ ဦးအောင်ဇဝေ ကြီး...။(မှန်ပါ)၊ ဒုက္ခလဲ သူ တွေ့အောင် မရှာဘူး...။ (မှန်ပါ့)၊ ရှာရဲ့လား...။(မရှာပါဘုရား)။

အဲဒီတော့ ဒုက္ခနိရောဓ ဘယ်နှယ်လုပ်ပါ့မလဲ...။ (မဖြစ်နိုင်ပါဘုရား)၊တွေ့ကိုမတွေ့ဘူး...။(မှန်ပါ့ ဘုရား)။

ကိုင်း...ခင်ဗျားတို့ကတော့ ရှေးတုန်းက ဉာဏ်နဲ့၊ ရှေးတုန်းက ချက်လုံးနဲ့၊ရှေးတုန်းက ကြားဖူးတာနဲ့ ဦးမြ မောင်တို့ဦးကျော်မောင်တို့ ပြောပါတယ်၊ ဟို ဒကာမကြီး တွေ၊ ဟိုဘုရားရှိခိုးနေတဲ့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ အဘိုးကြီးတွေ၊ အမိအရွယ်၊ အဖအရွယ်ကြီးတွေ နိဗ္ဗာန် နဲ့ နီးကြပလား၊ ဘာဖြစ်လို့တုံး၊ နိဗ္ဗာန်ချည်း ဆုတောင်း နေတာကိုး၊ လှူလဲ နိဗ္ဗာန်ဆုတောင်း၊ ပေးလဲ နိဗ္ဗာန် ဆုတောင်းနေတာပဲ...။(မှန်ပါ့)၊ ဒုက္ခတွေ့ပလားလို့ အဲဒီ အဘိုးကြီးတွေ သွားမေးရင် ဘယ့်နှယ်ဖြေကြမလဲ...။ (မတွေ့သေးပါ)၊ ဒါဖြင့် သူ့နီးပလား...။(အဝေးကြီး ကျန်သေးတယ်...။(အဝေးကြီးကျန်ပါသေးတယ်ဘုရား)။

www.dhammadownload.com



ဒုက္ခတွေ့တဲ့ ပုဂ္ဂိုလ်မှာ ဒုက္ခမြင်လို့ ဒုက္ခမလိုချင်မှ ဒုက္ခနိရောဓကိုလာမှကိုးဗျ...။(မှန်ပါ)၊ဒုက္ခမတွေ့သေးတဲ့ ပုဂ္ဂိုလ်က ဒုက္ခချုပ်ရာ နိဗ္ဗာန်ကြီး လိုချင်ပါတယ်လို့ ပြောနေတာဟာ ခင်ဗျားတို့ ကျုပ်တို့ ပြောကြပါစို့ ဆိုလို့ ရှိရင်ဖြင့် လမ်းမှာ ခွေးသေကောင်ပုပ်တစ်ခုရှိတယ်၊ ခွေးသေကောင်ပုပ်က တစ်ခုရှိပြီးသကာလနေတော့ ခွေးသေကောင်ပုပ်ကို သွားတဲ့ပုဂ္ဂိုလ်က တွေ့တယ်၊ အဲဒီတွေ့တဲ့ ပုဂ္ဂိုလ်က ဟာ...မြန်မြန်သွားမှပဲ၊ ဒီအနံ့လွတ်အောင်...။ (မှန်ပါ)၊ မသွားဘူးလား...။(သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ သူ မြန်မြန်သွားသတုံး...။(အပုပ်နံ့တွေ့မှာစိုးလို့ပါ)၊ ဟိုက ခွေးသေကောင်ပုပ်ဆိုတဲ့ ဒုက္ခသစ္စာမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်မြန်မြန်သွားတဲ့ အလုပ်-လုပ်နိုင်ပါ့မလား...။(မလုပ်နိုင်ပါ)၊ သွားပါ့မလား...။(မသွားပါဘုရား)၊ သွားတဲ့အလုပ်-လုပ်ပါ့မလား...။(မလုပ်ပါ)၊ သွားကော သွားချင်တဲ့စိတ် ပေါ်ပါ့မလား...။(မပေါ်ပါဘုရား)။

အဲ...ဒုက္ခသစ္စာမှ မသိဘဲ၊ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ကဖြင့် ခွေးသေကောင်ပုပ် မတွေ့သေးတဲ့ပုဂ္ဂိုလ် မြန်မြန် မသွားသလိုပဲသာမှတ်...။(မှန်ပါ)၊ ရောက်ကို မရောက်ဘူး၊ ရှင်းပလား...။(ရှင်းပါပြီဘုရား)။

www.dhammadownload.com



ဒါဖြင့် နို့ဗ္ဗာန်ရောက်ချင်ကြတဲ့ ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်ချင်ကြ၊ ရချင်ကြတဲ့ပုဂ္ဂိုလ်မှန်သရွေ့ ဒုက္ခဟောတတ်တဲ့ ဆရာနဲ့ ဒုက္ခတွေ့အောင် ကိုယ်ကိုယ်တိုင် ဉာဏ်နဲ့ ရှာမှသာလျှင် နိဗ္ဗာန်တွေ့မယ်...။(မှန်ပါ့)၊ မဟုတ်ဘူးလား...။(မှန်ပါ့ဘုရား)။

ခွေးသေကောင်ပုပ်တွေ့မှ မြန်မြန်ပြေးမှကိုး လွတ်ရာကို...။(မှန်ပါ့)၊ ခွေးသေကောင် ပုပ်တွေ့မှ ခွေးသေကောင်ပုပ်အနံ့လွတ်ရာ...(ပြေးမှာပါဘုရား)၊တွေ့မှမတွေ့သေးတဲ့ပုဂ္ဂိုလ်က...။(မပြေးပါဘုရား)၊ မှန်မှန်နေမှာပဲ...။(မှန်ပါ့)၊သဘောပါကြပလား...။(ပါ–ပါပြီဘုရား)။

ဒါဖြင့် ဦးကျော်မောင်တို့၊ ဦးမြမောင်တို့၊ ဦးအောင်ဇံဝေတို့၊ ဦးစံဖေတို့ ဘုန်းကြီးပြောတာ ဟုတ်တယ်...။(မှန်ပါ့)၊ ဒုက္ခမတွေ့သေးတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်တော့ မရဘူးဟော့...။(မှန်ပါ့ဘုရား)။

ဘယ့်နှယ်ဆိုကြမလဲ...။(ဒုက္ခမတွေ့သေးတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်မရပါဘုရား)။

**ဒုက္ခက သားပူ၊ သမီးပူ၊ ဆွေပူ၊ မျိုးပူ ဆိုတာ မဟုတ်ပါဘူး**...။(မှန်ပါ့)၊ ခန္ဓာထဲမှာ ဖျတ်ဖျတ်–ဖျတ်ဖျတ်နဲ့ ဒုက္ခရောက်နေရာတွေ မတွေ့သေးတဲ့ ပုဂ္ဂိုလ်ဟာ

www.dhammadownload.com



နိဗ္ဗာန် မတွေ့သေးပါဘူး…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ခန္ဓာထဲမှာ ဖျတ်ဖျတ်–ဖျတ်ဖျတ်နဲ့ ဒုက္ခရောက်နေတာတွေ တွေ့နေတဲ့ ပုဂ္ဂိုလ်မှသာ ဟာ…ငါ့ခန္ဓာကြီးဟာ အကောင်းမှတ်တယ်၊ အဆိုးချည်းပါလား၊ ခန္ဓာကြီးဟာ အကောင်းမှတ်တယ်၊ အဆိုးချည်းပါလား၊ သူ့မရတဲ့နည်း နာနာလုပ်မှပဲဆိုပြီးတော့ လုပ်ကြတာကိုး…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်းပါပြီဘုရား)။

ကိုင်း…ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ဒုက္ခချုပ်ငြိမ်းရပ်သိမ်းတာ ဒုက္ခနိရောဓောဆိုတဲ့ဥစ္စာမှ နိဗ္ဗာန်မှတ်ပါ…။ (မှန်ပါဘုရား)။

ဒုက္ခချုပ်ငြိမ်းရပ်သိမ်းတဲ့ ဒုက္ခနိရောဓောသာ ဘာခေါ်ကြမယ်…။ (နိဗ္ဗာန်ပေါ်ပါတယ်)၊ ရှင်းကြပလား…။ (ရှင်းပါပြီဘုရား)။

အေး…ဒီအတိုင်းမှတ်ထားတော့မှ သြော်…နိဗ္ဗာန်ဆိုတာ မြို့ကြီးလား–ပြကြီးလား၊ သေသေချာချာစဉ်းစား လိုက်တော့မှ သြော်…ဒုက္ခချုပ်ရာနိဗ္ဗာန်ပါလား…။ (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်…။ (ဒုက္ခချုပ်ရာ နိဗ္ဗာန်ပါ)၊ ဒါဖြင့် ဒုတိယအကွက်ဟာ နဂိုက ဘာသဘောနဲ့ ရှိသတုံး…။ (ဒုက္ခသဘောနဲ့ ရှိပါတယ်ဘုရား)။

www.dhammadownload.com



အဲဒါ ခင်ဗျားတို့က ရုပ်ပါများ၊ ပွားပါများ၊ မလိုချင် တာများတော့ ချုပ်သွားတော့ကို ဒီအကြွက်ပဲ ဆိုင်းဘုတ် ပြန်ဆွဲပါတဲ့၊ အရင်တုန်းက ဒုက္ခသစ္စာအကြွက်နော်...။ (မှန်ပါ့)၊အခု ဘာအကြွက်လို့ ဆိုမတုံး ...။(ဒုက္ခနိရောဓော အကြွက်ပါ ဘုရား)။

ဒုက္ခနိရောဓောကြွက် ဖြစ်သွားတော့ကို ဘယ်နှယ် ကြောင့် ဒီအကြွက်ကို ဒုက္ခနိရောဓောကြွက် ဖြစ်ပါလိမ့် မတုံးဆိုတော့ အို...သူ့ဉာဏ်က ပဌမဒုက္ခတွေ့တယ်ကွ၊ နောက် ဒုက္ခမလိုချင်တော့ ဒုက္ခတွေက သူ့ရှေ့တွင် ချုပ်သွား တယ်...။(မှန်ပါဘုရား)။

သူ့ဉာဏ်အောက်တွင် ချုပ်သွားတယ်...။(မှန်ပါ့)၊ ချုပ်သွားတော့ ဒီအကြွက်ဟာ ဘာကြွက်ဖြစ်သတုံး...။ (ဒုက္ခနိရောဓောကြွက် ဖြစ်ပါတယ်ဘုရား)။

အဲ...ဒါဖြင့် ဝိပဿနာလုပ်တဲ့ ပုဂ္ဂိုလ်များ ဒုက္ခ ရှုနေဖို့ပဲ အရေးကြီးတာပဲ...။(မှန်ပါ့)၊ နောက် ဒုက္ခချုပ် သွားရင် ဒီနေရာမှာပဲ နိရောဓပေါ်လာမှာပဲ...။(မှန်ပါ့)၊ ဆိုနိုင်ပလား...။(ဆိုနိုင်ပါတယ်ဘုရား)။

သေသေချာချာ မှတ်ကြစမ်းပါ၊ ဒီဟာ အင်မတန် အရေးကြီးတဲ့စကားပါ...။ (မှန်ပါ့)၊ တရားကတော့

www.dhammadownload.com



အထက်တန်း အင်မတန်ကျဖနေပြီလို့ မှတ်ပါ...။ (မှန်ပါ)၊ အထက်တန်းကတော့ လမ်းကုန်နေပြီ-(မှန်ပါ)၊ ဒီထက် သွားစရာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အဲဒီတော့ အခု အောက်တန်းစ, ဟောတာကဖြင့် ဩော်...ဒုတိယအကွက်ဟာဖြင့် ဒုက္ခသစ္စာကွက်ပဲလို့ သိဖို့ပဲ...။ (မှန်ပါ)၊ အဲဒါကို ဒုက္ခသစ္စာကွက်ပဲလို့ သိဖို့ ရာက ဒီအကွက်သည် စာအုပ်ထဲမှာရှိတဲ့အကွက်လား- ခန္ဓာတစ်ခုလုံးလား...။ (ခန္ဓာတစ်ခုလုံးပါဘုရား)။

အဲ...ခန္ဓာကိုရှု...(မှန်ပါ)၊ ခန္ဓာထဲက ဝေဒနာ ကြိုက် ဝေဒနာရှု၊ စိတ်ကြိုက်စိတ်ရှု၊ ရုပ်ကြိုက်ရုပ်ရှုပေါ့ ဗျာ...။ (မှန်ပါဘုရား)။

ရှုလိုက်တဲ့အခါကျတော့ ဒုက္ခသစ္စာကွက်နဲ့ ဉာဏ်နဲ့ တည့်နေတယ်...။ (မှန်ပါ)၊ မတည့်ပေဘူးလာ ...။ (တည့်နေပါတယ်ဘုရား)။

ဒုက္ခသစ္စာကွက်နဲ့...(ဉာဏ်နဲ့တည့်နေပါတယ်)၊ ဉာဏ်နဲ့တည့်ပြီးသကာလနေတော့ ဩော်...ဒုက္ခသစ္စာ၊ ဩော်...ဒုက္ခသစ္စာလို့ မဂ္ဂသစ္စာနဲ့ ပွားများပြီးနေရမယ်...။ (မှန်ပါဘုရား)။

ပွားများပြီးနေတဲ့ အခါကျတော့မှ ဒီဒုက္ခတွေ သေသေချာချာသိလာတော့ မသိခင်တုန်းက ပျော်သလို

www.dhammadownload.com



ပါ.သလိုနဲ့နော်...။(မှန်ပါ)၊ နောက် ဒုက္ခအကြီးအကျယ် သိလာတော့ စွန့်ချင်တဲ့ ဉာဏ်ရှုရင်းမတ္တနဲ့ မလာဘူးလား...။ (လာပါတယ်ဘုရား)၊ လာတယ်၊ လာတော့...အထမြောက်အောင် လာတော့ကို ဒီဒုက္ခတွေ ဘာဖြစ်သွားမယ်ထင်သတုံး...။(ချုပ်သွားမှာပါဘုရား)။

ချုပ်သွားတော့ ဒီအကွက်ကို ဦးမြမောင်က ဆိုင်းဘုတ်ဆွဲ...(ဒုက္ခနိရောဓပါဘုရား)၊ ဒုက္ခနိရောဓဆွဲ... (မှန်ပါ)။

ဦးကျော်မောင်...(မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေ ၂-နံပါတ်ကွက် ဘာကွက်ဖြစ်သွားသတုံး...။ (ဒုက္ခနိရောဓကွက် ဖြစ်ပါတယ်ဘုရား)။

ဒုက္ခနိရောဓကွက် ဖြစ်သွားတယ်ဆိုတော့ ဘယ်လို ပုဂ္ဂိုလ်မျိုးမှ ဒုက္ခနိရောဓကွက်ကို အမည်နာမပြောင်း သွားပါလိမ့်မတုံးဆိုတော့ ဒုက္ခမှန်းသိတဲ့ ပုဂ္ဂိုလ်မှ ဒုက္ခ နိရောဓကွက် ဖြစ်နိုင်တယ်...။(မှန်ပါ)၊ ဒုက္ခမှန်းမသိ နိုင်တဲ့ ပုဂ္ဂိုလ်ဟာ...(မဖြစ်နိုင်ပါဘုရား)။

ဦးအောင်ဇဝေ...ဒါ ဓမ္မတွေလဲ ပြောရလိမ့်မယ် နော်...။(မှန်ပါ)၊ ဒီအကွက်ကို ဖြစ်ပျက်ရှုရမှာကိုးဗျ...။ (မှန်ပါ)၊ ဒီအကွက်တွေလဲ တစ်ခုခုဖြစ်ပျက်ရှုရမှာ...။ (မှန်ပါ)။

www.dhammadownload.com



ကဲ...နေရာကျပလား...။ (ကျပါပြီ)၊ အဲဒီတော့ ခုနင်က ယမက ပြန်ဆက်ကြစို့တဲ့...၊ ယမက ပြန်ဆက်တော့ ယမက,က ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူး၊ ပြတ်သွားတာပဲဆိုတော့ ဥစ္ဆေဒဒိဋ္ဌိယူထားတယ်...။ (မှန်ပါ)။

ခင်ဗျားတို့က ဒီအတွက် ချုပ်သွားတော့ကို ဪ... ဒုက္ခသာ ချုပ်သွားတာ၊ ဒုက္ခနိရောဓအကြွက်သာဖြစ်သွားတာ၊ ဒုက္ခချုပ်တဲ့ အကြွက်သာဆိုရမယ်၊ မရှိဘူးလို့ ဆိုလို့မရဘူး...။ (မှန်လှပါဘုရား)။

ယမက,ကတော့ဒီအကြွက်ဘယ်နှယ်ဆိုထားတယ်။ (မရှိဘူးလို့ဆိုထားပါတယ်)၊ ခင်ဗျားတို့က ဘယ့်နှယ် ဆိုမယ်...။ (ဒုက္ခချုပ်သွားတာ ဆိုရပါမယ်ဘုရား)။

ဒုက္ခချုပ်သွားတဲ့ သဘောတော့ရှိတယ်...။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ ခင်ဗျားတို့က အရှိသဘော...(မှန်ပါ)၊ ယမက,က...(မရှိသဘောပါ ဘုရား)။

မရှိသဘောဆိုတော့ ကွာသွားပါပေါ့လား၊ ဒါ တို့က နိဗ္ဗာန်သိလို့...၊ ယမက,က နိဗ္ဗာန်မသိလို့ ဥစ္ဆေဒ ဒိဋ္ဌိ ဖြစ်တာပါလား...။ (မှန်ပါ)။

www.dhammadownload.com



ခင်ဗျားတို့က နိဗ္ဗာန်သိလို့ ဥစ္ဆေဒဒိဋ္ဌိ ကွာသွားပါလားဆိုတာ ပေါ်လာတယ်...။(မှန်ပါ့)၊ မပေါ်လာဘူးလား...။ (ပေါ်လာပါတယ်ဘုရား)။

ဒါ အံခုနင်က အကွက်ကလေးရှင်းထားလို့ဗျ...။ (မှန်ပါ့)၊ ရှင်းထားလိုက်တော့မှ ယမကဇာတ်ထုပ်နဲ့ ဟပ်ပြီး ပြောလိုက်တော့ ဦးဘသန်း ပေါ်လာတယ်...။(မှန်ပါ့)၊ မပေါ်လာဘူးလား...။(ပေါ်လာပါတယ်ဘုရား)။

ယမက,ကတော့ ဒါကို ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးဆိုတော့ ရဟန္တာ အသာထားပါတော့ ဒီခန္ဓာငါးပါးချုပ်သွားပြီး ဘာမှမဖြစ်တော့ဘူးဆိုတော့ ဒီမှာ ဟာလာဟင်းလင်းကြီး သူ ယူတယ်...။(မှန်ပါ့)။

ကျုပ်တို့က ဒီလိုမယူဘူး၊ ဒီ ဒုက္ခတွေ ချုပ်သွားတဲ့ သဘောသာ...(မှန်ပါ့)၊ မဟုတ်ဘူးလား၊ ဒီ ဒုက္ခတွေသာ မရှိတဲ့သဘော၊သုခရှိတဲ့သဘော ကျုပ်တို့က ယူတယ်...။ (မှန်ပါ့)။ မယူဘူးလား--။(ယူပါတယ်ဘုရား)။

ကျုပ်တို့က ဒုက္ခသာချုပ်သွားတဲ့သဘော၊ သုခက ပေါ်လာတဲ့ သဘော၊ ကျုပ်တို့က နှစ်မျိုးယူတယ်...။ (မှန်ပါ့)၊

ဒုက္ခကတော့...(ချုပ်သွားပါတယ်ဘုရား)၊ ဒီနေရာ

www.dhammadownload.com



အစားထိုးတာတော့…(သုခထိုးပါတယ်ဘုရား)၊ နို့… ကျုပ်တို့က ပြတ်သေးရဲ့လား…။(မပြတ်ပါဘုရား)။

သူကတော့ ဒုက္ခချုပ်သွားပြီး ဘာမှ မဖြစ်တော့ဘူးဆိုတော့သုခ မပေါ်လာတော့ဘူးပြောတာ…။(မှန်ပါ့)၊ သူက ဘာဒိဋ္ဌိတုံး…။ (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ခင်ဗျားတို့က ယနေ့ နာရီဝက်ကျော်ကျော် တရားနာရတဲ့အတွက် ဩော်…တို့ ဥစ္ဆေဒဒိဋ္ဌိမရှိဘူး…။ (မှန်ပါ့)၊ ဒီဒုက္ခချုပ်၊ ဒီနေရာမှာ ဒုက္ခသာ ချုပ်သွားတယ်၊ သုခနိဗ္ဗာန်ပေါ်လာတာပဲ…။ (မှန်ပါ့)။

ဒုတိယကွက်မှာ ဒုက္ခသာချုပ်သွားတယ်၊ ဘာပေါ်သတုံး…။ (သုခနိဗ္ဗာန်ပေါ်ပါတယ်ဘုရား)၊ သုခနိဗ္ဗာန်ပေါ်တယ်ဆိုတာ မသေချာဘူးလား…။ (သေချာပါတယ်ဘုရား)။

ဒါဖြင့် ယမကနဲ့ ခင်ဗျားတို့နဲ့ အင်မတန် ကွာခြားတယ်…။ (မှန်ပါ့)၊ မကွာဘူးလား…။ (ကွာပါတယ်ဘုရား)၊ သူက ဘာဒိဋ္ဌိယူလိုက်သတုံး…။ (ဥစ္ဆေဒဒိဋ္ဌိယူထားပါတယ်)၊ ခင်ဗျားတို့က ဥစ္ဆေဒဒိဋ္ဌိလွတ်တယ်…။ (မှန်ပါ့)။

ဩော်…ဒုက္ခရှုလို့ ဒုက္ခတွေဆုံးသွားလို့ရှိရင်၊ဒုက္ခတွေမရှိလို့ရှိရင် ဒီနေရာမှာ ဒုက္ခနိရောဓ နိဗ္ဗာန် ပေါ်

www.dhammadownload.com



တာပဲကိုး…။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား…။ (ဆိုနိုင်ပါတယ်ဘုရား)၊ ဒုက္ခနိရောဓနိဗ္ဗာန် မပေါ်ဘူးလား…။ (ပေါ်ပါတယ်ဘုရား)၊ သဘောပါကြပလား…။ (ပါ–ပါတယ်ဘုရား)။

ကောင်းပြီ…ဒါ ယမကထက် ခင်ဗျားတို့ ထူးခြားတာ ပေါ်နေပြီနော်…။ (ပေါ်ပါပြီဘုရား)၊ ကဲ…ဉစ္ဆေဒဒိဋ္ဌိရှိသေးလား…ခင်ဗျားတို့…။ (မရှိပါဘုရား)၊ ဒုက္ခချုပ်သွားရင် ဒီနေရာ ဘာပေါ်မယ်…။ (သုခနိဗ္ဗာန်ပေါ်ပါမယ်ဘုရား)။

သုခနိဗ္ဗာန်ပေါ်မယ်၊ဒါ သူနဂိုတုန်းက ဒုက္ခသစ္စာကိုးဗျ…။ (မှန်ပါ)၊ ဒါတွေမှ မရှိတော့ဘူးဆိုတော့ ဒုက္ခမရှိတဲ့ သဘောနဲ့ ကျုပ်တို့ နေရုံပဲ…။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား…။ (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ…ဒီလိုရှင်းထားတော့ ယမက,က ဘုရားဟောတော်မူတာ သူ သိပါပြီ၊ ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူးလို့ ဉစ္ဆေဒဒိဋ္ဌိယူလိုက်တယ်…။ (မှန်ပါ)။

ယူလိုက်တော့ ရဟန်းတွေက မင်း ဒီအယူမယူနဲ့ကွ…၊ ဒီအယူဟာ မဟုတ်ပါဘူး၊ ဘုရားလဲ ဒီလို မဟောပါဘူး၊ ဒုက္ခချုပ် သုခပေါ်တယ်လို့သာ ဟောပါတယ်…။ (မှန်ပါ)။

www.dhammadownload.com



ဟာ...မဟုတ်ဘူး...။ (မှန်ပါဘုရား)၊ ရဟန္တာ သေရင် သေပြီးသည်၏အခြားမဲ့၌ ဘာမှ မဖြစ်တော့ဘူးဆိုတော့ တစ်ခါတည်း ရဟန္တာလဲယူလိုက်သေးတယ်၊ ဥစ္ဆေဒဒိဋ္ဌိ ယူလိုက်သေးတယ် ဆိုတော့ အင်မတန်ဆိုးရွားတဲ့ အမိဟွာယ်မရောက်ဘူးလား...။ (ရောက်ပါတယ်ဘုရား)။

ကောင်းပြီ...ဒါနဲ့ ရဟန်းတွေက သူတို့ ဟောလို့ ပြောလို့ ယမကကို မနိုင်တော့ဘူး...။ (မှန်ပါ)၊ မနိုင်တော့ ရှင်သာရိပုတ္တရာကို သွားလျှောက်ကြတယ်၊ အရှင်ဘုရား...ယမကတော့ ဒီလိုမိစ္ဆာအယူ ယူနေပြီ၊ အဲဒါ အရှင်ဘုရား ချီးမြှောက်ထောက်ပံ့ဦးမှ တော်မယ်ဆိုတော့ ရှင်သာရိပုတ္တရာကြီးက အေးကွာ...ကဲ...ငါ ကယ်တင်ပါမယ်၊ တာဝန်ခံလိုက်တယ်...။ (မှန်လှပါဘုရား)။

ညနေကျတော့ ရှင်သာရိပုတ္တရာက သင်းပိုင်ကလေး ပြင်ဆင်ဝတ်ပြီး သကာလ ယမကနေတဲ့ကျောင်းသွားတယ်၊ ယမကနေတဲ့ကျောင်း သွားပြီး သကာလ ဟေ့...ယမက မင်းရဟန္တာသေရင် ဘာမှ မဖြစ်ဘူး၊ ဘုရားဟောတော်မူတာ ငါ သိပါတယ်၊ ရဟန္တာသေရင် ဘာမှမဖြစ်ဘူး လို့ မင်း ယူထားတဲ့အယူဟာ မင်း ဟုတ်ပါသလားတဲ့၊ ဟုတ်ပါတယ်ဘုရား...

www.dhammadownload.com



သူက ဥစ္ဆေဒဒိဋ္ဌိပဲ၊ ရဟန္တာသေရင် ဘာမှ မဖြစ်ဘူး...။ (မှန်လှပါဘုရား)။

ဒါနဲ့ ဘာမှ မဖြစ်ဘူးလို့ မင်းက ဒီအတိုင်း ယူထားတော့ကွာတဲ့...ဒါဖြင့် ဟိုရဟန်းတွေက လျှောက်တင်တဲ့အတိုင်း ရှင်သာရိပုတ္တရာကလဲ ကိုယ်တိုင် လာမေးတော့ မောင်သစ် တစ်တန်းတည်း မနေဘူလား...။ (နေပါတယ် ဘုရား)။

ဘုရားဟောက်တော်မူတာ သူ သိပါရဲ့၊ ရဟန္တာသေရင် ဘာမှ မဖြစ်ဘူးဆိုတော့ သူ ဥစ္ဆေဒဒိဋ္ဌိယူထားတော့ကို ရဟန္တာကစ,ပြီး ဖြစ်ရမယ်၊ သူမှာ...(မှန်ပါဘုရား)။

ရှင်သာရိပုတ္တရာက ဟော့...ယမက၊ ခန္ဓာ ဘယ်နှစ်ပါး ရှိသတုံးကွ၊ ငါးပါးရှိပါတယ်ဘုရား...တဲ့၊ အဲဒီ ငါးပါးရှိတော့ကွာ၊ ကဲ...သတိပဋ္ဌာန်လေးပါးနဲ့ပဲ တစ်ခုခုနဲ့ ရှုတော့၊ ကဲ...ရုပ်တရားကလေး လက်ကိုင်ထားပါဦး၊ ရုပ်တရားကလေးဟာ အနိစ္စလား၊ နိစ္စလားမေးတော့ ခင်ဗျားတို့ ဘယ့်နှယ် ဖြေမလဲ...။ (အနိစ္စပါဘုရား)။

အဲဒီ အနိစ္စဖြစ်တဲ့တရား၊ ဒုက္ခလား၊ သုခလား မေးရင်...(ဒုက္ခပါ)၊ ရဟန္တာပျောက်အောင်လုပ်နေတာ...။ (မှန်ပါဘုရား)၊ မောင်သစ် ဘာလုပ်နေတာလဲ...။ (ရဟန္တာပျောက်အောင် လုပ်နေတာပါဘုရား)။

www.dhammadownload.com



အဲဒီ အနိစ္စ,ဒုက္ခဖြစ်တဲ့ တရားဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ,ဥစ္စာလို့ ဆိုနိုင်ရဲ့လား...။ (မဆိုနိုင်ပါ)၊ ရဟန္တာပျောက်သွားပြီ...။ (မှန်ပါ့ဘုရား)။

ဝေဒနာ တရားကလေးဟာ အနိစ္စလား၊ နိစ္စလား မေးတော့ကော...။ (အနိစ္စပါ)၊ အဲဒီအနိစ္စဖြစ်တဲ့တရား ဟာ ဒုက္ခလား၊ သုခလား မေးရင်...(ဒုက္ခပါ)၊ အဲဒီ အနိစ္စ,ဒုက္ခဖြစ်တဲ့ တရားကို ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာဆိုနိုင်ရဲ့လား...။ (မဆိုနိုင်ပါ)၊ ဒါဖြင့် အနတ္တ ပေါ့...။ (မှန်ပါ့ဘုရား)။

ဒီလိုချည့် ခန္ဓာငါးပါး မေးလိုက်တယ်၊ ခန္ဓာငါးပါး မေးပြီးသကာလ မင်းကွာ...တဲ့၊ ဒီလိုဆိုလို့ရှိရင်၊ ဒီ အတိုင်း ရှုနေလို့ရှိရင် မင်းဟာ အနိစ္စ, ဒုက္ခ, အနတ္တ ရှုနေရင် ကြာတော့ မှန်းလာပါလိမ့်မယ်တဲ့...။ (မှန်ပါ့)၊ ရှုကွာ...၊ ရှေ့တွင်ပေါ့ဗျာ...။ (မှန်ပါ့)၊ ဟောလဲဟော၊ ရှုလဲ အရှုခိုင်း၊ ဒီတော့ မှန်းလာပြီး သူ ဖျတ်ဆို ဒီဒုက္ခ တွေ ဆုံးသွားတယ်...။ (မှန်ပါ့ဘုရား)။

ဟောရင်းမတ္တနဲ့ ခန္ဓာကိုယ်ကြည့်ပြီး ရှုလိုက်တော့ ဦးကျော်မောင် ဆုံးသွားတယ်...။ (မှန်ပါ့)၊ ဆုံးသွားတော့ သောတာပန်တည်သွားပြီ...။ (မှန်ပါ့ဘုရား)။

www.dhammadownload.com



ဒါကြောင့် ခင်ဗျားတို့ပဲ ဒီဥစ္စာ ဆုံးအောင်လိုက်လို့ ရှိရင်ဖြင့် ဖြစ်ပျက်မြင်ဖို့ ဒုတိယအကွက် ဖြစ်ပျက်မြင် အောင် ရှုပါ...။ (မှန်ပါ)၊ ဖြစ်ပျက်ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးခုပေါင်းထားတယ်...။ (မှန်ပါ)၊ ၎င်း ဖြစ်ပျက် မှန်းအောင်လုပ်ပါ၊ မှန်းအောင်လုပ်ပါဆိုတော့မှ ရှုပါများရင် မှန်းရမှာပဲ...။ (မှန်ပါ)၊ ၎င်းဖြစ်ပျက်ကို ဒုက္ခသစ္စာလို့သိပြီး မှန်အောင် ကြိုးစားလိုက်ပါ၊ သောတာပန် ချက်ချင်းတည်ပါတယ်...။ (မှန်ပါဘုရား)။

အဲဒီမှာ ယမကမှာ ဒီအတိုင်းမေးပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေနဲ့ ခန္ဓာကိုယ်မေးတဲ့ပြီး ခန္ဓာကိုယ်မှန်းအောင် ရှု၊ နောက်ကျတော့ သူ မလိုချင်တဲ့ ဉာဏ်နဲ့ ဒုတိယ ကွက် ဆုံးသွားတယ်...။ (မှန်ပါ)၊ ခန္ဓာကြီး ဆုံးသွားတယ်...။ (မှန်ပါ)၊ ဆုံးသွားပြီ၊ ရှင်သာရိ ပုတ္တရာက သိပြီ၊ ငါ့လူ သောတာပန်တည်ပြီတဲ့...။ (မှန်ပါဘုရား)။

ငါ့လူ သောတာပန်တည်ပြီလို့ သိတော့ကို၊ အဲဒီ တော့ သူ သောတာပန်တည်ပြီလို့ ရှင်သာရိပုတ္တရာ သိတာ၊ အသာကလေး ခဏချိတ်ထားပါ၊ ခင်ဗျားတို့ ဒီအတိုင်းလုပ်လဲ တည်ရမှာပဲ...။ (မှန်ပါဘုရား)။

www.dhammadownload.com



ဒီဥစ္စာ ဖြစ်ပျက်–ဖြစ်ပျက်နဲ့သာ ရှုနေ၊ ရှုပါများ ရင် ဘာဖြစ်လာမယ်ထင်သတုံး…။ (ဖြစ်ပျက် မုန်းလာပါတယ်)၊ မုန်းပါများရင် ဘာဖြစ်မယ်ထင်သတုံး…။ (ဆုံးသွားပါမယ်)၊ ဆုံးသွားလို့ရှိရင်ဖြင့် ဘာတွေ ဆုံးသွားတာတုံးမေးရင် ဘယ့်နှယ်ဖြေမယ်…။ (ဒုက္ခတွေ ဆုံးတာပါဘုရား)။

ဒုက္ခတွေဆုံးတော့ နဂိုက ဒုက္ခတွေရှိတယ်၊ အခုတော့ ဒုက္ခနိရောဓဖြစ်သွားပြီ…။ (မှန်ပါ့ဘုရား)။

ဒုက္ခရှိတုန်းက ဒုက္ခပေါ့ဗျာ…။ (မှန်ပါ့)၊ ဒုက္ခရှိတုန်းက ဒုက္ခသစ္စာ…,။ (မှန်ပါ)၊ ဒုက္ခမရှိတော့ ဒုက္ခနိရောဓသစ္စာ…။ (မှန်ပါ့)၊ ပေါ်ကြပလား…။ (ပေါ်ပါပြီဘုရား)။

ဒုက္ခရှိတုန်းက…(ဒုက္ခသစ္စာပါ)၊ ဒုက္ခမရှိတော့… (ဒုက္ခနိရောဓသစ္စာပါဘုရား)။

ဒီအကွက်တွင် ပြောင်းရမယ်၊ ဒုတိယအကွက်တွင် ပြောင်းရမယ်…"၊ (မှန်ပါ)၊ နိဗ္ဗာန် တခြားရှာမနေနဲ့…။ (မှန်ပါ့)၊ အင်မတန် အဖိုးတန်တဲ့ စကားနော်…။ (မှန်ပါ့ဘုရား)။

နိဗ္ဗာန် တခြား ႁႁာမနေနဲ့၊ ဒုတိယအကွက်ကို ဒုက္ခဖြစ်အောင်၊ ကိုယ်တိုင်သိအောင်လုပ်…။ (မှန်ပါ့)၊ သူက

www.dhammadownload.com



တော့ ဖြစ်နေတာပဲ၊ ကိုယ့်ဉာဏ်က မဖြစ်မှာစိုးလို့ ပြော နေတာ...။ (မှန်ပါဘုရာ)။

အဲဒီတော့ ခင်ဗျား‌တို့က ကိုယ့်ဉာဏ်က ဖြစ်သွား တဲ့အခါကျတော့ ဒီဒုက္ခတွေ အကုန်ချုပ်သွားရင် ဒီအကွက်ဟာ ဘာကွက်ဖြစ်မလဲ...။ (ဒုက္ခနိရောဓ ကွက်ပါ)၊ နဂိုက ဘာကွက်တုံ...။ (ဒုက္ခသစ္စာကွက်ပါ)၊ ဒုက္ခသစ္စာကွက်၊ နောက်ကျတော့ နာမည်ပေးလိုက် စမ်း...။ (ဒုက္ခနိရောဓသစ္စာပါဘုရာ)။

အဲ...ဒီအကွက်ပဲ၊ ဒါ ဒီအကွက်တွင် ရှိရံပဲ...။ (မှန်ပါ)၊ ရှိရင်းမတ္တာနဲ့ ဒုက္ခသစ္စာကွက်က ဒုက္ခနိရောဓ သစ္စာကွက်ဖြစ်မယ်...။ (မှန်ပါဘုရာ)။

ဒုက္ခသစ္စာကွက်က ဘာဖြစ်မယ်...(ဒုက္ခနိရောဓ သစ္စာကွက် ဖြစ်ပါမယ်)၊ ရွှေ့ရဦး မှာလာ...။ (မရွှေ့ ရပါ)၊ မရွှေ့ရဘူး၊ တစ်ထိုင်တည်းနဲ့ ရမယ်...။ (မှန်ပါ)၊ ကဲ...ဦးမြမောင် ကျေနပ်ပလာ...။ (ကျေနပ်ပါပြီ ဘုရာ)။

နိဗ္ဗာန်ဟာ ဟို ဘုရာဖူး၊ ဒီဘုရားဖူးပြီး တောင် ကြီးတွေ တက်ပြီးတော့ ဘုရားရှာဖူးနေရတာ မဟုတ် ပါဘူ...။ (မှန်ပါ)၊ ဟုတ်သေးရဲ့လား...။ (မဟုတ်ပါ ဘုရား)။

www.dhammadownload.com



မဟုတ်ပါဘူး တဲ့၊ ဒီဥစ္စာဟာ၊ ဒီဒုတိယကွက်ဟာ ဒုက္ခသစ္စာဖွဲ့ လို့ ပြီးရမယ်...။ (မှန်ပါ)၊ ခန္ဓာကြီးဟာလေ...။ (မှန်ပါ)၊ အကွက်ထဲမှာပဲ ဒုက္ခသစ္စာချုပ်အောင်လုပ်ရမယ်...။ (မှန်ပါ)၊ ဒီအကွက် ဒုက္ခသစ္စာကျတော့ ဒုက္ခနိရောဓသစ္စာဖြစ်ရမယ်...။ (မှန်ပါဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာက ဒုက္ခနိရောဓသစ္စာ, ဖြစ်အောင်ရှုနိုင်လို့ ရှိရင် နိဗ္ဗာန်ရောက်တာပဲ...။ (မှန်ပါ)၊ ဘယ့်နှယ်ဆိုကြမယ်...။ (ဒုက္ခသစ္စာကွက်က ဒုက္ခနိရောဓသစ္စာကွက် ဖြစ်အောင် ရှုနိုင်ရင် နိဗ္ဗာန်ရောက်ပါမယ်ဘုရား)။

ဒါ နိဗ္ဗာန်တွေ့တာပဲ၊ ရောက်တာပဲ...။ (မှန်ပါဘုရား)၊ရှင်းကြပလား...။ (ရှင်းပါပြီ)၊ အင်မတန်ကောင်းတဲ့စကား...။ (မှန်ပါ)၊ နေရာရွေ့ရသေးရဲ့လား...။ (မရွှေ့ရပါ)၊ မရွှေ့ရပါဘူး။

ကဲ...ဒါဖြင့် ရှင်းပါပြီတဲ့၊ ရှင်သာရိပုတ္တရာ ဒီလိုဟောလိုက်တော့ ဒီအကွက်ကို ဒုက္ခနိရောဓသစ္စာကွက်ဖြစ်အောင် ဟောလိုက်တော့ ယမကဟာ သောတာပန်တည်တယ်...။ (မှန်ပါဘုရား)။

ဒါနဲ့ ယမကကို သူကမေးပြန်တာပေါ့လေ၊ ဟော့...ယမက မင်းရှုးနေတဲ့ ရုပ်ဖြစ်ပျက်ကို ရဟန္တာခေါ်မလား

www.dhammadownload.com



လို့ မေးပြန်တယ်...။ (မှန်ပါ)၊ ဟာ...မခေါ်ပါဘုရား၊ ဒီကျတော့ ပြောင်းပြန်ဖြစ်သွားပြီ...။ (မှန်ပါဘုရား)။

ရုပ်ကို ရဟန္တာခေါ်မလားလို့ဆိုတော့ မခေါ်နိုင်ပါဘုရားတဲ့၊ ဝေဒနာကောကွ၊ ဝေဒနာလဲ မခေါ်ပါဘူး...တဲ့၊ သညာ,သင်္ခါရ ဝိညာဏကော၊ သူတို့လဲ မခေါ်နိုင်ပါဘုရား...တဲ့။

နို့...ရဟန္တာမှ မရှိဘဲ...။ (မှန်ပါ)၊ ရှိရဲ့လား...။ (မရှိပါ)၊ မရှိပါဘူး...တဲ၊ ဒါဖြင့် ကွာနေတဲ့ ခန္ဓာငါးပါး အပေါ်၌ ခေါ်မလားတဲ့ ခန္ဓာငါးပါးဆိုကတည်းက ခေါ်စရာရှိသေးရဲ့လား...။ (မရှိပါ)၊ ခန္ဓာငါးပါးပဲ ရှိမှာပဲ...။ (မှန်ပါဘုရား)။

ဒါဖြင့် ရုပ်တရားကြည့်ပြီးသကာလ ရဟန္တာရှိသေးသလားလို့ မေးပြန်တယ်၊ ဘယ့်နှယ်ဖြေကြမလဲ...။ (မရှိပါဘုရား)၊ ဝေဒနာကြည့်ပြီးသကာလ ကျန်တာ ရဟန္တာလို့ ဆိုနိုင်ကြမလား...။ (မဆိုနိုင်ပါဘုရား)၊ ဒါဖြင့် ရုပ်, ဝေဒနာသညာ, သင်္ခါရ,ငါးပါး ပေါင်းထားတာကိုရဟန္တာဆိုမလားကွ၊ ဘယ့်နှယ်ဖြေကြမလဲ...။ (မဆိုနိုင်ပါဘုရား)၊ ဒီလိုလဲ မဆိုနိုင်ဘူး။

ဒါဖြင့် ရုပ်မဟုတ်တာ၊ ဝေဒနာမဟုတ်တာ၊ သညာမဟုတ်တာ၊ သင်္ခါရမဟုတ်တာ၊ ဝိညာဏ်မဟုတ်တာ၊

www.dhammadownload.com



ခန္ဓာငါးပါး မဟုတ်တာ ရဟန္တာခေါ်မလား မေးပြန်တော့...(မခေါ်နိုင်ပါဘုရား)။

ဒါဖြင့် မင်းဟာ ဘယ်ဟာ ရဟန္တာခေါ်တာတုံး၊ ရဟန္တာမှ မရှိဘဲနဲ့၊ ရဟန္တာသေရင် ပြတ်တယ်ဆိုတဲ့ ဥစ္စာ မင်းဟာ ဘာတုံး၊ ရှင်သာရိပုတ္တရာက တရားသူကြီးက စစ်တာပေါ့...။ (မှန်ပါ)။

တပည့်တော်ဘုရား...တဲ့၊ နဂိုက ဥစ္ဆေဒဒိဋ္ဌိရှိနေတုန်းက ပြောဆိုတဲ့စကားတွေပါ...။(မှန်ပါ)၊အခုတော့...အရှင်ဘုရားက ရုပ်ဟာ အနိစ္စလား...နိစ္စလားမေးတော့ တပည့်တော်က အနိစ္စမြင်တော့ အနိစ္စပါဘုရား၊ အဲဒီ-အနိစ္စဖြစ်တဲ့တရားဟာ ဒုက္ခလား၊ သုခလားလို့ မေးပြန်တော့ ဒုက္ခပါဘုရား...ဆိုပြီးတော့ တပည့်တော်က မြင်တဲ့အတိုင်း ဖြေတယ်။

အဲဒီ အနိစ္စ, ဒုက္ခဖြစ်တဲ့ တရားတွေဟာ ငါ့ကိုယ်, ငါ့ဟာ, ငါ့ဥစ္စာ ဆိုနိုင်ရဲ့လားလို့မေးတော့ တပည့်တော်က မဆိုနိုင်ပါဘူး...ဆိုတော့၊ မဆိုနိုင်တဲ့ ဉာဏ်ရောက်လာတော့ အရှင်ဘုရားတည်းဟူသော ဆရာကောင်း၊ မိတ်ဆွေကောင်းနဲ့ တွေ့ရတဲ့အတွက်...တဲ့၊ တပည့်တော်မှာ ရဟန္တာသေရင် ဘာမှ မဖြစ်တော့ဘူး ဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူမရှိပါဘူးတဲ့...။ (မှန်ပါ)။

www.dhammadownload.com



အဖြေထုတ်လိုက်ပြီ...။ (မှန်ပါ)၊ မောင်သစ် အဖြေ ထုတ်လိုက်ပြီ...။ (မှန်ပါ)၊ နောက်က ဒကာ ဒကာမတွေ ရဟန္တာရှိသေးရဲ့လား...။ (မရှိပါဘုရား)။

ဒါနဲ့ နေပါဦးကွာ...တဲ့...၊ ယမက မင်းကို ငါ တစ်ခုပြောပါရစေဦး၊ မင်းက ကျော်ကျော်ကြားကြား ရှုးပေမယ့်၊ ဒိဋ္ဌိရှု...ရှုးပေမယ့် မင်းက လူသိနတ်ကြား ရှုးတာ...။ (မှန်ပါ)၊ မင်း ဒိဋ္ဌိဖြစ်နေတယ်ဆိုတာ ဟို... ရဟန်းတွေလဲသိ၊ ဒီရဟန်းတွေလဲသိ၊ အဲဒီတော့ မင်း ငါ့ဆီက ပြန်သွားတဲ့အခါ ဟို...ရဟန်းတွေက ရဟန္တာသေရင် ဘယ်သွားသတုံလို့ မေးဦးမှာကွ... မင်းကို...(မှန်ပါဘုရား)။

ရဟန္တာသေရင် ဘယ်သွားသတုံး၊ ပြတ်သွား သလား ဘာမှ မဖြစ်တော့ဘူးလားဆိုတာ မင်းကို မေးဦး မှာကွ...တဲ့၊ ဟို ရဟန်းတွေက မေးရင် မင်း ဘယ့်နှယ် ဖြေမတုံး...တဲ့ ဆိုတော့ သူ နိဗ္ဗာန် ဖြေလိမ့်မယ်.. သိလား...။ (မှန်ပါ)။

အားလုံး ဒကာ ဒကာမတွေ ဘာဖြေမှာတုံး...။ (နိဗ္ဗာန်ဖြေမှာပါဘုရား)၊ နိဗ္ဗာန်ဖြေလိမ့်မယ်ဆိုတော့ ကဲ...ကွာ...တဲ့၊ မင်းကို ရဟန္တာသေရင် ဘယ်သွားတုံ လို့ မေးလို့ရှိရင် မင်း ဘယ့်နှယ်ဖြေမတုံးမေးတော့

www.dhammadownload.com



တပည့်တော်ကတော့ ခန္ဓာငါးပါးရှိတာ ဖြေပြီးသား ဖြစ်နေတော့ ခန္ဓာငါးပါးဟာ အနိစ္စတရား ပဲ...။ (မှန်လှပါဘုရား)၊ ၎င်း အနိစ္စတရားဟာ ဒုက္ခ အစစ်ပဲ၊ ဒုက္ခမြင်သွားပြီ...။ (မှန်ပါ)။

ဒုတိယအကွက်မှာ အနိစ္စအစစ်တွေ မရှိလား...။ (ရှိပါတယ်ဘုရား)၊ အဲဒီ အနိစ္စတရားဟာ ဒုက္ခလား၊ သုခလား၊ ...။ (ဒုက္ခပါဘုရား)။

အဲဒီ ဒုက္ခတွေ ချုပ်သွားပြီ၊ ဆုံးသွားပြီလို့ ဒုတိယအကွက် တပည့်တော်ဆိုမယ်...။(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

အနိစ္စဖြစ်တဲ့ ဒုတိယအကွက်...။ (မှန်ပါ)၊ အဲဒါ ဒုက္ခအကွက်ကော မဖြစ်နိုင်ဘူးလား...။ (ဖြစ်နိုင်ပါတယ်ဘုရား)။

အဲဒီအနိစ္စ၊ အဲဒီ ဒုက္ခတွေ ကုန်သွားပြီးဆုံးသွားလို့...တပည့်တော် ရဟန္တာသေရင် ဒုက္ခဆုံးသွားပြီးလို့ ဖြေမယ်...။ (မှန်လှပါဘုရား)။

ခင်ဗျားတို့ကော နိဗ္ဗာန်ပေါ်ပလား...။ (ပေါ်ပါပြီ)၊ နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်...။ (ဒုက္ခဆုံးသွားတာပါဘုရား)၊ အဲ...မင်းကို ဘေးက ရဟန်းတွေက မင်းက လူသိနတ်ကြား ဒိဋ္ဌိရှုးထားတဲ့...ပုဂ္ဂိုလ်ဖြစ်နေတော့ ရဟန္တာ

www.dhammadownload.com



သေရင် ဘယ်သွားသတုံးမေးတော့ တပည့်တော်ဟာ အကြင်တရားသည် အနိစ္စ၊ ထိုတရားသည် ဒုက္ခ၊ ထိုဒုက္ခ တရားသည် ကုန်ပြီ၊ ဆုံးသွားပြီလို့ တပည့်တော် ဖြေမှာပဲတဲ့၊ ရဟန္တာရယ်လို့ မဖြေတော့ဘူး…။ (မှန်ပါ့)၊ ရိပ်မိပလား…။ (ရိပ်မိပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘာပါလိမ့်မတုံး…။ (ဒုက္ခ ဆုံးတာပါ)၊ ဒုက္ခဆုံးတာဟာ ဘာခေါ်ကြမယ်…။ (နိဗ္ဗာန်လို့ ခေါ်ပါတယ်)၊ အဲ…ဒါဖြင့် ပါဠိလိုသုံးတော့ ဦးမြမောင်က သုံး၊ ဒုက္ခနိရောဓောနိဗ္ဗာနံ…။ (မှန်ပါ့)။

ရွတ်ကြစမ်း…။ (ဒုက္ခနိရောဓော နိဗ္ဗာနံပါဘုရား)၊ ဒုက္ခနိရောဓော…ဒုက္ခဆုံးခြင်းသည်…(ဝါ)ဒုက္ခချုပ် ပျောက်ခြင်းသည်၊ နိဗ္ဗာနံ…နိဗ္ဗာန်မည်၏…တဲ့… (မှန်ပါ့)၊ ရှင်းပလား…။ (ရှင်းပါပြီ)။

ဒုက္ခတွေ ဆုံးသွားကြတာ ဘာဝခေါ်ကြမယ်… (ဒုက္ခနိရောဓော နိဗ္ဗာနံပါဘုရား)၊ ဒုက္ခနိရောဓော နိဗ္ဗာနံ လို့ ဖြေရမယ်နော်…။ (မှန်ပါ့)။

ကိုင်း…ဒါဖြင့် ယမကဟာ ရဟန္တာသေရင် ပြတ် သွားတယ်ဆိုတဲ့ အယူရှိတာတောင်မှ သောတာပန်တည် တော့ ဒုက္ခဆုံးရင် နိဗ္ဗာန်ပါလို့ ဘေးက ရဟန်းတွေက

www.dhammadownload.com



မေးရင် ပြေမှာပါပဲတဲ့၊ ရဟန္တာလဲ မရှိပါဘူးတဲ့...။ (မှန်ပါ)၊ ဒုက္ခဆုံးသွားတယ်။

ရဟန္တာသေရင် ဘယ်သွားသတုံးမေးလို့ရှိရင် ကဲ... သမုတိနယ်က မေးလို့ရှိရင် မေးပါစေတော့၊ ငင် ရူပက္ခန္ဓာဝေဒနာသညာ သင်္ခါရတွေက အနိစ္စ၊ ငင်းအနိစ္စ သည် ဒုက္ခပဲ၊ ငင်းဒုက္ခတွေ ဆုံးသွားသည်မှတစ်ပါ တပည့်တော် ဖြေစရာ မရှိပါဘူးတဲ့...။ (မှန်ပါ)၊ ရဟန္တာသေလို့ရှိရင် ဒုက္ခဆုံးတာပဲ...။ (မှန်ပါ)၊ ပေါ်ကြ ပလား...။ (ပေါ်ပါပြီ)။

အဲဒီတော့ ခင်ဗျားတို့လဲ အခု ဆရာဘုန်းကြီးဆီ နည်းခံပြီးသကာလ လုပ်နေတော့ ပထမဒုက္ခတွေအောင် ရှာ...။ (မှန်ပါ)၊ ဖြစ်ပျက်တွေ့အောင်ရှု...။ (မှန်ပါ)။

ဖြစ်ပျက်တွေ့ရင် ဦးအောင်ဇေယျ ဘာတွေ့သတုံး၊ ဒုက္ခတွေ့တယ်...။ (မှန်ပါ)၊ ဦးမြမောင်က...(ဒုက္ခတွေ့ ပါတယ်ဘုရား)၊ နောက်က ဒကာ ဒကာမတွေ...။ (ဒုက္ခတွေ့ပါတယ်ဘုရား)

ဖြစ်ပျက်တွေ့ရင် ဒုက္ခတွေ့ပြီ...နော်...။ (မှန်ပါ)၊ အဲဒီ...ဒုက္ခတွေ့ရင် မပေါ့နဲ့တော့၊ ဆုံးအောင် လိုက် ကြပေတော့၊ အင်း...ဒုက္ခတွေတွေ့နေပြီ၊ ဒုက္ခတွေ

www.dhammadownload.com



တွေ့နေပြီဆိုပြီး ဒုက္ခချည့်ရှုနေ...။ (မှန်ပါ)၊ ဒါ...ဒုက္ခ သစ္စာပဲ၊ ဒါ...ဒုက္ခသစ္စာပဲလို့ ရှုပေးပါ...။ (မှန်ပါ)၊ ဒါ အလုပ်သင်နေ တယ်လို့ မှတ်ပါ...။ (မှန်ပါ)။

စိတ်ကလေးကို ၁၃ ခုရှိတယ်လို့ ခင်ဗျားတို့ စာရွက်ကလေး ဝေထားတယ်...။ (မှန်ပါ)၊ အဲဒီစိတ် ကလေးတွေဟာ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဘာသစ္စာတုံး...။ (ဒုက္ခသစ္စာပါ ဘုရား)။

အဲ...ဒုက္ခသစ္စာကလေးတွေကို ဒီအတိုင်းချည်း ရှု...။ (မှန်ပါ)၊ ရှုပါများလာတော့ ဦးမြမောင်တို့ ဘာ ဖြစ်လာမယ်ထင်သတုံး...။ (မုန်းလာမှာပါဘုရား)။

ကိုယ့်အသေ ကိုယ်မုန်းလာတာပေါ့...။ (မှန်ပါ ဘုရား)၊ ကိုယ့်စိတ်ကလေးတွေနဲ့ အသက်ရှင်နေတာ၊ ကိုယ့်စိတ်ကလေးသေတော့ ကိုယ့်ဟာကိုယ် မုန်းဆိုတဲ့ အဓိပ္ပာယ်မရောက်ဘူးလား...။ (ရောက်ပါတယ်ဘုရား)။

မုန်းလာပြီး မုန်းလာတဲ့အခါကျတော့ မုန်းရုံတင် လားတဲ့ ဒါကြီးနဲ့ မနေချင်၊ ဒါကြီးကို မရချင်ဆိုတာ လာမှာလား...။ (လာမှာပါဘုရာ.)။

အဲ...လာတဲ့အခါကျတော့ အမုန်လဲ လာပါရော၊ ဒုတိယကွက်မှာရှိတဲ့ -တစ်ပါးချုပ်တာနဲ့ ငါ ပါ ပါ သွားတယ်...။ (မှန်လှပါဘုရား)။

www.dhammadownload.com



စိတ်တစ်ပါး ချုပ်တာနဲ့ ဘာတုံး...။ (ခန္ဓာငါးပါး ချုပ်ပါတယ်ဘုရား)၊ ငါးပါးစလုံး ပါသွားတယ်နော်...။ (မှန်ပါ့)။

နဂိုက ရုပ်နာမ်ရှိတာကို၊ ရုပ်လဲရင် နာမ်လဲတာပဲ...။ (မှန်ပါ့)၊ နာမ်လဲရင်...။ (ရုပ်လဲတာပါပဲဘုရား)၊ အဲဒီအတိုင်း သာမှတ်ပါလို့သာ ရှင်သာရိပုတ္တရာကြီးက ဟောထားပါတယ်...။ (မှန်ပါ့)။

ရုပ်ရှုရင်နာမ်ပါတာပါပဲ၊ နာမ်ရှုရင် ရုပ်ပါလာတာပဲ ဆိုတော့ လဲသွားတယ်ဆိုကတည်းက နှစ်ခုစလုံး ရှိသေးရဲ့လား...။ (မရှိပါဘုရား)၊ ရုပ်ကော နာမ်ကော ရှိသေးရဲ့လား...။ (မရှိပါဘုရား)။

အဲဒါကြောင့် မလိုချင်တဲ့အခါကျတော့ ဒုတိယ အကွက်မှာ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ ဝေဒနာတွေ အကုန်ပျောက်ရမယ်၊...။ (မှန်ပါ့)၊ မပျောက် သေးဘူးလား...။ (ပျောက်ပါတယ်ဘုရား)။

ပျောက်တော့ ဩော်...ဒီနေရာမှာ ဘာသစ္စာတွေ ချုပ်သွားသတုံး...။(ဒုက္ခသစ္စာတွေချုပ်သွားပါတယ်ဘုရား)။

ဒုက္ခသစ္စာတွေချုပ်သွားတော့ ဒီအတွက်ကို ဦးမြ မောင်တို့၊ ဦးဘသန်းတို့က ဆိုင်းဘုတ်ဆွဲပါလားဗျ...။ (မှန်ပါ့)၊ ဘယ့်နှယ်ဆွဲမလဲ...။ (ဒုက္ခနိရောဓောပါ)၊

www.dhammadownload.com



ဒုက္ခနိရောဓကွက်...။ (မှန်ပါ)၊ ဒုက္ခနိရောဓအကွက်နော်...။ (မှန်ပါဘုရား)။

ဘယ့်နှယ်ဆိုကြမယ်...။ (ဒုက္ခနိရောဓကွက်ပါ)၊ နဂိုက ဘာကွက်တုံးဗျ...။ (ဒုက္ခသစ္စာကွက်ပါဘုရား)။

နဂိုက ဒုက္ခသစ္စာကွက်ဆိုတော့ ဩော်...ခင်ဗျားတို့က မလိုချင်လို့ ချုပ်သွားတော့ ခန္ဓာတွေ ချုပ်သွားတဲ့အခါကျတော့ ဒုက္ခနိရောဓသစ္စာကွက်...။ (မှန်ပါ)၊ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

ဘယ့်နှယ်ဆိုကြမယ်...။ (ဒုက္ခနိရောဓသစ္စာကွက်ပါဘုရား)၊ ဒုက္ခနိရောဓသစ္စာကွက်လို့ဆိုရင် လွဲနိုင်ပါမလား...။ (မလွဲနိုင်ပါဘုရား)။

ဒါဖြင့်...နိဗ္ဗာန်ဟာ နဂိုက ဒုက္ခသစ္စာတွေ့တဲ့နေရာမှာ နိရောဓသစ္စာ တွေ့ရမယ်...။ (မှန်ပါ)၊ ပေါ်ပလာလး...။ (ပေါ်ပါပြီ)၊ ဒုက္ခသစ္စာတွေ့တဲ့နေရာမှာ...(နိရောဓသစ္စာ တွေ့ရမှာပါဘုရား)။

ဩော်...တို့ရှာတာ လွဲနေပေါ့...။ (မှန်ပါ)၊ တောင်ပေါ်တက် ရှာလိုရှာ...။ (မှန်ပါ)၊ အောက် ခတ်တော်တိုက်ထဲ ဝင်ဖွးလိုဖွး...။ (မှန်ပါ)၊ ဟို...စွယ်တော်သွားပြီး သီဟို သွားရှာလို့ရှာ...၊ နိဗ္ဗာန်ရှာကြတာ...။ (မှန်ပါ)။

www.dhammadownload.com



နိဗ္ဗာန်ရှာကြတာလွဲနေတယ်...။(မှန်ပါ)၊ ဒီ ဒုတိယ အကွက်ထဲ ရှာရမယ်...။ (မှန်ပါ)၊ ပေါ်ပလား...။ (ပေါ်ပါပြီ)။

ဘယ်အကွက်ထဲ ရှာရမလဲ...။ (ဒုတိယအကွက်ထဲ မှာပါ)၊ ဒုတိယအကွက်ထဲရှာတော့ ရှေးဦးစွာ ဘာတွေ့သလဲ...။ (ဒုက္ခတွေ့ပါတယ်ဘုရား)၊ ဒုက္ခသစ္စာ တွေ့တယ်...။ (မှန်ပါ)၊ နောက် ဒုက္ခသစ္စာတွေချည့် တွေ့နေတော့ ဒီအကွက်ထဲက ဒုက္ခသစ္စာတွေ ဖယ်ဖယ်-ဖယ်ဖယ်ပြီး ဉာဏ်နဲ့တက်လိုက်တော့ ဒုက္ခသစ္စာတွေ ကုန်သွားတယ်...။ (မှန်ပါ)၊ နောက် ဒီအကွက်ထဲ ဒုက္ခဟူသရွေ့ ရှာမတွေ့တော့ ဘာကွက်ဖြစ်သွားသတုံး...။ (ဒုက္ခနိရောဓသစ္စာကွက်ပါဘုရား)။

ဒုက္ခနိရောဓ သစ္စာကွက် မဖြစ်ဘူးလား...။ (ဖြစ်ပါတယ်ဘုရား)၊ ဩော်...ဒီနေရာတွင် ကပ်ရှာရမှာ ပါကလား...။ (မှန်ပါ)၊ ခန္ဓာထဲကပ်ရှာရမှာ...။ (မှန်ပါ)၊ ခန္ဓာထဲ ရှေးဦးစွာ ဒုက္ခသစ္စာတွေ့ရမယ်...။ (မှန်ပါ)၊ ပေါ်ပြီ...။ (ပေါ်ပါပြီဘုရား)။

နောက်ကျတော့ ဒီခန္ဓာထဲမှာပဲ ဒုက္ခသစ္စာတွေတွေ့၊ ဒုက္ခသစ္စာတွေ မုန်းလာတော့ ဒုက္ခသစ္စာတွေဖြင့် မလိုချင်

www.dhammadownload.com



ဘူးဆိုတာလဲ ဒီခန္ဓာထဲက ဉာဏ်ကပဲ မပိုချင်တော့ ဒီခန္ဓာကြီး ပျောက်သွားတာပဲဗျ...။ (မှန်ပါ)။

ဒီခန္ဓာကြီး ပျောက်သွားပြီးသကာလ ဉာဏ်ကလေးပဲ ကျန်နေရစ်တော့ ဒီဉာဏ်ကလေးဟာ ဘယ်သူနဲ့ နေရစ်သတုံးလို့မေးတော့ ဒုက္ခနိရောဓသစ္စာနဲ့ နေရစ်တယ်...။ (မှန်ပါ)။

နဂိုတုန်းက ဒုက္ခနဲ့နေတဲ့ဉာဏ်...။ (မှန်ပါ)၊ နောက်ကျတော့ ဒုက္ခချုပ်သွားတော့ သူ ဘာနဲ့ နေရစ်သလဲ...။ (ဒုက္ခနိရောဓသစ္စာနဲ့ နေရစ်ပါတယ်ဘုရား)။

ဒုက္ခနိရောဓသစ္စာနဲ့ နေရစ်တယ်ဆိုတော့ ဒုက္ခနိရောဓသစ္စာက နိဗ္ဗာန်...။ (မှန်ပါ)၊ ဉာဏ်ကလေးက မဂ်ဉာဏ်ဆိုတော့ နိဗ္ဗာနံမဂ္ဂဿ ဟုတ်လား...။ (မှန်ပါ)၊ "နိဗ္ဗာနံ ဖဿဿ အာရမ္မဏ ပစ္စယေန ပစ္စယော"၊ နိဗ္ဗာန်နဲ့မဂ်ပဲ ကျန်ရစ်ရမယ်ကွ၊ နိဗ္ဗာန်နဲ့ဖိုလ်ပဲ ကျန်ရစ်ရမယ်ကွ...ဆိုတဲ့ဥစ္စာ ကိုက်သွားတာပဲ...။ (မှန်ပါ)၊ မပေါ်ကြသေးဘူးလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ယမက ဖြေတုန်းကတော့ ဒီအတိုင်းဖြေတယ်...၊ ဒီတရားတွေဟာ အနိစ္စပါဘုရား၊ သူက ဒုက္ခပါဘုရား၊ ဒီဒုက္ခတွေဆုံးသွားပါတယ်လို့ ဒီအကွက်

www.dhammadownload.com



ဖြေတာပဲ...။ (မှန်ပါ)၊ မဖြေဘူးလား...။ (ဖြေပါတယ် ဘုရား)။

ဒီအကွက် ဖြေတော့ကို ရဟန္တာသေတယ်ဆိုတဲ့ ဥစ္စာ တခြားမဟုတ်ပါဘုရား၊ ဒီဒုက္ခတွေ မရှိတာပါပဲ...။ (မှန်ပါ)၊ ဒုက္ခတွေမရှိတော့ ဘာတွေ ပေါ်လာသတုံး...။ (သုခတွေ ပေါ်လာပါတယ်)၊ သုခပေါ်တော့ ဆိုင်းဘုတ် ဆွဲလိုက်...။ (ဒုက္ခနိရောဓာနိဗ္ဗာန်)။

ဒုက္ခနိရောဓအသစ်ပေါ်လာတယ်နော်...နိဗ္ဗာန်ပဲ...။ (မှန်ပါဘုရား)၊ ဒုက္ခနိရောဓအသစ်က ပေါ်မလာဘူး လား...။ (ပေါ်လာပါတယ်ဘုရား)။

နဂိုက ဒီနေရာ ဘာပါလိမ့်...။ (ဒုက္ခသစ္စာပါ ဘုရား)၊ အင်း...မလိုချင်တဲ့အချိန်ကျတော့ ဘယ့်နှယ် ဆိုကြမလဲ...။ (ဒုက္ခနိရောဓသစ္စာပါဘုရာ)။

ဩော်...ဒါဖြင့် ဒီနေရာမှာတွင် ဒုက္ခချုပ်တယ်၊ ဒီနေရာမှာ နိဗ္ဗာန်ပေါ်တယ်...။ (မှန်ပါ)၊ ဒီနေရာမှာ ဒုက္ခချုပ်ပြီး...(ဒီနေရာမှာပဲ နိဗ္ဗာန်ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ကို စ,ရှာရမှာက ကိုအုန်းကြီးတို့ မိုးကုတ်ဆီမှာဖြစ်စေ၊ ဟို ကျောက်စိမ်းတွင်းမှာဖြစ်စေ ကျောက်ကောင်း လိုချင်တော့ အပေါ်က ကျောက်မဟုတ် တာတွေ အကုန်ဖယ်ပစ်ရတယ်...။ (မှန်ပါ)၊ မဖယ်ရဘူး

www.dhammadownload.com



လား...။ (ဖယ်ရပါတယ်ဘုရား)။ ပြီးတော့မှ ကျောက်ကောင်းကို ရှာယူရတယ်...။(မှန်ပါ့)၊ မယူရဘူးလား...။ (ယူရပါတယ်ဘုရား)။

ဒီမှာလဲ ခင်ဗျားတို့ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ အပေါ်က ဒုက္ခသစ္စာကို ဖယ်ဦးမှ ရမှာ...။ (မှန်ပါ့)၊ ဖယ်လို့ ကုန်သွားတဲ့အခါကျတော့ ဘယ်သစ္စာတွေ့မလဲ...။ (နိရောဓသစ္စာ တွေ့ပါမယ်ဘုရား)၊ ဒုက္ခနိရောဓသစ္စာ မတွေ့ပေဘူးလား...။ (တွေ့ပါတယ် ဘုရား)။

ဒါဖြင့် ပထမခင်ဗျားတို့ အလုပ်-လုပ်နေတာ အပေါ်က ကျောက်မဟုတ်တာတွေ ဖယ်နေတာ...။ (မှန်ပါ့)၊ နောက် ရတာက ကျောက်စစ်ဆိုသလို ခင်ဗျားတို့ ဝိပဿနာလုပ်နေတာက ဒုက္ခသစ္စာကို ဖယ်နေတာ...။ (မှန်ပါ့)၊ ဒုက္ခသစ္စာတွေပဲတူး၊ ဒုက္ခသစ္စာတွေပဲ ဆွပြီးသကာလ ဒီအတိုင်း နေကြတာနော်...။ (မှန်လှပါဘုရား)။

နောက် ဒုက္ခသစ္စာတွေပဲတူးလို့...ဆွလို့ ဖယ်နိုင်သရွေ့ဖယ်ပြီး ကုန်နိုင်သရွေ့ကုန်သွားတဲ့အခါကျတော့ ဘာတွေ့မလဲ...။ (ဒုက္ခနိရောဓသစ္စာတွေ့ပါမယ်ဘုရား)။

အင်း...ဒီတွင်းထဲမှာပဲ ကျောက်တွေဖယ်ရ

www.dhammadownload.com



တယ်...။ (မှန်ပါ)၊ ဘာဖြစ်လို့တုံး...၊ ကျောက်မဟုတ်တာတွေ...။ (မှန်ပါ)၊ ဒီတွင်းကပဲ ကျောက်ကောင်းရတယ်...။ (မှန်ပါ)။

ဘယ့်နှယ်ဆိုကြမလဲ...။ (ဒီအတိုင်းပါပဲဘုရား)၊ ဒီအတိုင်းပဲ၊ ဒီတွင်းထဲကပဲ ရှေးဦးစွာ ကျောက်ကောင်းလိုချင်လို့ ကျောက်မဟုတ်တာတွေ...(ဖယ်ရတယ်)၊ နောက် ဒီတွင်းထဲကပဲ ဘာဖြစ်သတုံး...။ (ကျောက်ကောင်း ရပါတယ်ဘုရား)။

ဒီတွင်းထဲ လိုက်ရမယ်...။ (မှန်ပါ)၊ ဒီပြင်ဟာလိုက်ဖို့မလိုဘူး...။ (မှန်ပါ)၊ လိုသေးရဲ့လား...။ (မလိုပါဘုရား)။

ဒါဖြင့် ရှုတဲ့အခါမှာလဲ ဒုတိယအကွက်ပဲ ခင်ဗျားတို့ မဂ်နဲ့ရှု...။ (မှန်ပါ)၊ ဆုံးအောင်သာရှု၊ ဒုတိယအကွက်ပဲ နိရောဓကွက်ဖြစ်ရမယ်...။ (မှန်ပါ)။

ပထမတော့ ဒုတိယအကွက်ဟာ ဒုက္ခကွက်...။ (မှန်ပါ)၊ နောက်ကျလို့ ရှုပါများလာတော့ မောင်သစ်ရေဘာဖြစ်မလဲ...။ (ဒုက္ခနိရောဓသစ္စာကွက်ပါ)၊ ဒါဖြင့် မိုးကုတ် ကျောက်တူးတာနဲ့ မတူဘူးလား...။ (တူပါတယ်ဘုရား)။

www.dhammadownload.com



အပေါ်က ကျောက်မဟုတ်တာတွေ ဖယ်ထုတ်နေရတာလဲ ဒီတွင်းပဲ...။ (မှန်ပါ့ဘုရား)၊ ကျောက်ကောင်းရတာကော...(ဒီတွင်းပါပဲဘုရား)။

ဒီတွင်းပဲဆိုတော့ ဩော်...အပေါ်က မကောင်းတာတွေ မဖယ်ဘဲနဲ့ ကောင်းတာတော့ မတွေ့နိုင်ပါဘူး...။ (မှန်ပါ့)၊ ဒီမှာလဲ ဒုက္ခသစ္စာမဖယ်ဘဲနဲ့တော့ ဒုက္ခနိရောဓသစ္စာ ဘွားခနဲတော့ ပေါ်မလာနိုင်ဘူး...။ (မှန်ပါ့)။

ဒါဖြင့် ဝိပဿနာလုပ်နေတာသည် ဒုက္ခသစ္စာဖယ်နေတာ...။ (မှန်ပါ့)၊ ဟုတ်လား...။ (မှန်ပါ့)၊ နောက်ကျတော့ ဝိပဿနာအဆုံးသို့ရောက်သွားတဲ့အခါကျတော့ နိရောဓသစ္စာပေါ်လာတာပဲ...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ-ပါပြီဘုရား)။

ဒါဖြင့် တို့အလုပ်ဟာ ဖြစ်ပျက်မြင်အောင် ရှုဖို့ပဲ၊ ဖြစ်ပျက်မှန်းအောင် ရှုဖို့ပဲ၊ ဟုတ်လား...။ (မှန်ပါ့)။

နောက် ဖြစ်ပျက် အဆုံးမြင်အောင် ရှုဖို့ပဲဆိုတော့ ဖြစ်ပျက်ဆုံးတာသည် ဒုက္ခဆုံးတာပဲ...။ (မှန်ပါ့)၊ ဟုတ်လား...။ (မှန်ပါ့)။

ဒါဖြင့် "ဖြစ်ပျက်သမျှ၊ သင်္ခါရ ဒုက္ခသစ္စာမှတ်" ဆိုတာ မကိုက်ဘူးလား...။ (ကိုက်ပါတယ်)၊ ဘာ

www.dhammadownload.com



ဖြစ်လို့တုံး၊ ဖြစ်ပျက်မှုကို ငါကောင်ထင်နေရင် သမုဒယ သစ္စာ၊ ဒါတွေ ငါတွေပဲ ထင်နေရင် သမုဒယသစ္စာ…။ (မှန်ပါ)၊ ဟုတ်လား…။ (မှန်ပါ)။

"ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန် မှတ်"လို့၊ ဒီအထဲ ဖြစ်ပျက်တွေဆုံးသွားရင် ဘာဆို မတုံး…။ (နိဗ္ဗာန်ပါ)၊ နိဗ္ဗာန်…တဲ့။

"ချုပ်ဆုံးမှုတွင်၊ ဉာဏ်သက်ဝင်"တဲ့၊ ဒီဉာဏ် ကလေးက ဒီချုပ်ဆုံးမှုထဲ ဝင်လာလို့ရှိရင်ဖြင့် သိမြင် မဂ်ဟု မှတ်တဲ့၊ ဒီဉာဏ်ကလေးဟာ မဂ်ဉာဏ်လို့သာ သေသေချာချာမှတ်…။ (မှန်ပါ)၊ ရှင်းပလား…။ (ရှင်း ပါပြီဘုရား)။

ကဲ…ဒါဖြင့် နိဗ္ဗာန်ရှာချင် ဘယ်အကွက်ထဲ ရှာ ရမယ်…။ (၂–ကွက်ထဲ ရှာရမှာပါ)၊ ၂–ကွက်ထဲမှာ၊ ရှေးဦးစွာ ၂–ကွက်ထဲမှာ ဘွားခနဲ အရင်တွေ့မလား၊ ဘယ်လိုလုပ်မတုံး…။ (ဒုက္ခသစ္စာကိုပဲ အရင်တွေ့ပါ မယ်ဘုရား)။

ဒုက္ခသစ္စာကို ဉာဏ်နဲ့ ယထာဘူတဉာဏ်နဲ့ မြင်လဲ မြင်ရဦးမယ်…။ (မှန်ပါ)၊ နောက် နိဗ္ဗိန္ဒဉာဏ်နဲ့ မုန်းလဲ မုန်းရမယ်…။ (မှန်ပါ)၊ အဲဒီတော့ မြင်တဲ့ဉာဏ်၊ မုန်းတဲ့

www.dhammadownload.com



ဥာဏ်နဲ့ ဖယ်ထုတ်လိုက်တဲ့အခါကျတော့မှ ကျောက်ကောင်း ထွက်လာသလို...နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာန်ဟာ ပေါ်လာလိမ့်မယ်ဆိုတာ သဘောပါပလား...။ (ပါ–ပါပြီဘုရား)။

ဒါကြောင့် ဒီ ဒကာ ဒကာမတွေကို တရွက်ထဲ ပါတဲ့အတိုင်း တစ်ယောက် တစ်ယောက်လဲ ပြောပြပါ၊ ဖြစ်ပျက် ရှုဖို့...။ (မှန်ပါ)၊ ဒုတိယအကွက် ရှုနေတာ၊ ဘယ်အကွက်မှ ရှုတာ မဟုတ်ဘူး...။ (မှန်ပါ)၊ သဘော ပါပလား...။ (ပါ–ပါပြီဘုရား)။

ကဲ...ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု...သာဓု...သာဓု...။

www.dhammadownload.com

# မှတ်ချက်